www.dhammadownload.com

မဟာစည်နာယက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု
သဒ္ဓမ္မရံသီရိပ်သာဆရာတော်
အရှင်ကုဏ္ဍလာဘိဝံသ

ဟောကြား ရေးသားစီရင်အပ်သော

# မိစ္ဆာဒိဋ္ဌိနှင့်သမ္မာဒိဋ္ဌိ ၂-ဖြာ

## သိကောင်းစရာ တရားတော်

သာသနာ - ၂၅၅၃ ကောဇာ - ၁၃၇၁ ခရစ် - ၂၀၁၀

www.dhammadownload.com

## ဤစာအုပ်မှာ သိကောင်းစရာ
## ဆောင်ပုဒ်များ

- မိစ္ဆာဒိဋ္ဌိ၊ အယူရှိက၊ မဖြစ်သေးငြား၊
  ကုသိုလ်များ၊ ထင်ရှားမဖြစ်လာ၊
  ဖြစ်ပေါ်ပြီးငြား၊ ကုသိုလ်များ၊
  ဆုတ်ယုတ်သွားသည်သာ။
- သမ္မာဒိဋ္ဌိ၊ အယူရှိက၊ မဖြစ်သေးငြား၊
  အကုများ၊ ထင်းရှားမဖြစ်လာ။
  ဖြစ်ပေါ်ပြီးငြား၊ အကုများ။
  ဆုတ်ယုတ်သွားသည်သာ။
- အကျိုးကိုတား၊ စွဲယူမှား၊ ခေါ်ငြားနတ္ထိက။
- အကြောင်းကိုတား၊ စွဲယူမှား၊ ခေါ်ငြားအဟေတုက။
- ကံကိုပင်တား၊ စွဲယူမှား၊ ခေါ်ငြားအကိရိယ။
- ကမ္မ ဈာန၊ ဝိပဿနာ၊ မဂ်ဖိုလ်ပါ၊
  ငါးပြာသမ္မာဒိဋ္ဌိတည်း။

www.dhammadownload.com

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# သဒ္ဓမ္မရံသီရိပ်သာဆရာတော်

# အရှင်ကုဏ္ဍလာဘိဝံသ

ဟောကြားရေးသားစီရင်အပ်သော

# မိစ္ဆာဒိဋ္ဌိနှင့်သမ္မာဒိဋ္ဌိ(၂)ဖြာ သိကောင်းစရာ

# တရားတော်

သဒ္ဓမ္မရံသီရိပ်သာ

အမှတ်(၇)၊ ဇေယျာခေမာလမ်း၊

မရမ်းကုန်းမြို့နယ် ၊ ရန်ကုန်မြို့။

www.dhammadownload.com


**ပုံနှိပ်မှတ်တမ်း**

၂၀၁၀-ခုနှစ်၊ ဧပြီလ

အုပ်ရေ - ၂၀၀၀

တန်ဖိုး -


ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး
ဦးဝင်းနိုင် (မှတ်ပုံတင်အမှတ်-၀၃၈၄၃/၀၂၄၅)က ထုတ်ဝေ၍
ဦးသိန်းထွန်း (၀၄၈၂၂)၊ သိန်းထွန်းအော့ဖ်ဆက်
အမှတ်-၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မှ ပုံနှိပ်သည်။

ဖုန်း - ၅၄၂၀၅၆

**ဖြန့်ချိရေး**

ဒု-ဗိုလ်မှူးကြီး တင်အောင်(လေ-ငြိမ်း) (၀၃၃၆၆)
သဒ္ဓမ္မရံသီစာပေ၊ အမှတ်-၇၊ ဧယျာခေမာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေဖြန့်ချိသည်။
ဖုန်း - ၀၁-၆၆၁၅၉၇၊ ၆၅၀၅၇၆

www.dhammadownload.com



သဒ္ဓမ္မရံသီရိပ်သာပဓာနနာယကဆရာတော်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
အဘိဓဇမဟာရဋ္ဌဂုရု
ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ

www.dhammadownload.com

# မိစ္ဆာဒိဋ္ဌိနှင့်သမ္မာဒိဋ္ဌိ(၂)ဖြာ ဆိုတောခင်းစရာ တရားတော်

၁၃၆၅-ခုနှစ်၊ ကဆုန်လပြည့်နေ့၊ မေလ ၁၅-ရက် ကဆုန်လပြည့်နေ့မှာ ဟောကြားရမယ့် တရားတော်က ကဆုန်လဆန်း ၈-ရက်နေ့က ဟောကြားခဲ့တဲ့ တရားတော်ကိုပဲ ပြန်လည်ပြီးတော့ ဟောကြားပါမယ်။

ကဆုန်လဆန်း ၈-ရက်နေ့က မီးစက်က အနည်းငယ် ချို့ယွင်းချက်ဖြစ်လို့ အချို့အချို့နေရာတွေ တရားအပြည့်အစုံ မပါသွားဘူး။ ဒါ့ကြောင့် ကဆုန်လပြည့်နေ့မှာ ပြန်ဟောကြားပေးရပါတယ်။ အင်္ဂုတ္တိုရ်ပါဠိတော်မှာ

www.dhammadownload.com



မြတ်စွာဘုရား ဟောကြားတော်မူအပ်တဲ့ မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိအကြောင်းကို ဟောကြားပေးမှာ ဖြစ်ပါတယ်။

မိစ္ဆာဒိဋ္ဌိက ကုသိုလ်တရားတွေကို ဆုတ်ယုတ်စေပြီးတော့ အကုသိုလ်တရားတွေ တိုးပွားစေတယ်။ သမ္မာဒိဋ္ဌိက အကုသိုလ်တရားတွေကို ဆုတ်ယုတ်စေပြီးတော့ ကုသိုလ်တရားတွေ တိုးပွားစေတယ်။ မိစ္ဆာဒိဋ္ဌိနဲ့ သမ္မာဒိဋ္ဌိတို့ရဲ့သဘောကို မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်ဖြစ်ပေတယ်။

တရားနာပရိသတ်များအတွက် အလွန် အကျိုးများတဲ့ တရားတော်ပဲ။ မိစ္ဆာဒိဋ္ဌိရဲ့အပြစ်၊ သမ္မာဒိဋ္ဌိရဲ့ အကျိုးတရားတွေသိရတော့ မိမိတို့သန္တာန်မှာ မိစ္ဆာဒိဋ္ဌိတွေကင်းပြီးတော့ သမ္မာဒိဋ္ဌိတွေဖြစ်နိုင်ရအောင် သတိထားပြီးတော့ နေထိုင်ကြရ၊ ပွားများကြရ၊ အားထုတ်ကြရဖို့ပါပဲ။

www.dhammadownload.com



မိစ္ဆာဒိဋ္ဌိကာသ ဘိက္ခဝေ အနုပ္ပန္နာစေဝ ကု သလာဓမ္မာ နုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ ကုသလာဓမ္မာ ပရိ ဟာယန္တီတိဟူ၍ မြတ်စွာဘုရား ဟောကြားပါတယ်။

(အံ-၁၊၃၃)

ဘိက္ခဝေ = သံသရာဘေး လာမည့်ရေးကို မျှော် တွေးထောက်ဆ သိမြင်ကြတဲ့ အို-ချစ်သား ချစ်သမီး တို့၊ မိစ္ဆာဒိဋ္ဌိကာသ = မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်အား၊ အနုပ္ပန္နာစေဝ = မဖြစ်ပေါ်သေးကုန်သည်သာလျှင် ဖြစ် ကုန်သော၊ ကုသလာဓမ္မာစ = ကုသိုလ်တရားတို့သည် လည်း၊ နုပ္ပဇ္ဇန္တိ = မဖြစ်ပေါ်လာကြကုန်။

ဥပ္ပန္နာ = ဖြစ်ပေါ်ကုန်ပြီးသော၊ ကုသလာဓမ္မာ စ = ကုသိုလ်တရားတို့သည်လည်း၊ ပရိဟာယန္တိ = ဆုတ်ယုတ်သွားကြကုန်၏၊ ဣတိ = ဤသို့၊ ဘဂဝါ = မြတ်စွာဘုရားသည်၊ အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

www.dhammadownload.com



မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ မဖြစ်ပေါ်သေးတဲ့ ကုသိုလ်တရားတွေလည်း မဖြစ်ပေါ်လာတော့ဘူး။ ဖြစ်ပေါ်ပြီးတဲ့ ကုသိုလ်တရားတွေလည်း ဆုတ်ယုတ်သွားလိမ့်မယ်။ ကုသိုလ်တရားတွေ ဆုတ်ယုတ်သွားတယ်ဆိုတော့ ဘယ်တရားတွေ ဖြစ်လာပါမလဲ ... အကုသိုလ်တရားတွေ ဖြစ်လာပါမယ်ဘုရား။ အို-တရားနာပရိသတ်များ သဘောတွေပေါက်နေတာပဲ။ သဘောကျနေတာပဲ။ နေရာကျလိုက်တာ။ မြတ်စွာဘုရားဟောကြားတဲ့အဓိပ္ပါယ်ကို သိနေတော့ နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။

မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ မဖြစ်ပေါ်ဖူးသေးတဲ့ ကုသိုလ်တရားတွေလည်း မဖြစ်လာတော့ဘူး။ ဖြစ်ပေါ်ပြီးတဲ့ ကုသိုလ်တရားတွေလည်း ဆုတ်ယုတ်သွားကြလိမ့်မယ်လို့ ဘယ်သူဟောခဲ့ပါသလဲ ... မြတ်စွာဘုရား ဟောကြားခဲ့ပါတယ်ဘုရား။

တရားနာပရိသတ်များ သိပ်သဘောကျစရာဖြစ်တယ်။ သဘောကျပါရဲ့လား ... သဘောကျပါတယ်

www.dhammadownload.com



ဘုရား။ သဘောကျစရာကြီး ဖြစ်ပေတယ်။ ဆောင်ပုဒ် ဆိုကြရမယ်။

**ဆောင်ပုဒ်။ ။ မိစ္ဆာဒိဋ္ဌိ၊ အယူရှိက၊ မဖြစ်သေးကြား၊**
**ကိုလေသာများ၊ ထင်ရှားမဖြစ်လာ။**
**ဖြစ်ပေါ်ပြီးကြား၊ ကိုလေသာများ၊**
**ဆုတ်ယုတ်သွားသည်သာ။**

မှားသော အမြင်အသိရှိတာကို မိစ္ဆာဒိဋ္ဌိဟု ဆိုရပေတယ်။ မိစ္ဆာက-မှားသော၊ ဒိဋ္ဌိက-အသိအမြင်။ အမှားကြီးသိနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ မဖြစ်သေးတဲ့ ကိုလေသာတွေလည်း ... မဖြစ်လာတော့ပါဘုရား။ မဖြစ်လာတော့ပေဘူး။

အမြင်မှား အသိမှားတွေရှိနေတော့ ဖြစ်ပေါ်ပြီးတဲ့ ကိုလေသာလေးတွေလည်း ဆုတ်ယုတ်သွားတယ်၊ မတိုးတက်လာတော့ပေဘူး။ ကိုလေသာတွေ ဆုတ်ယုတ်သွားတော့ ဘယ်တရားတွေ ဖြစ်လာမလဲ ... အကိုလေ

www.dhammadownload.com



တရားတွေ ဖြစ်လာပါမယ်ဘုရား။ မိစ္ဆာဒိဋ္ဌိရဲ့ သဘောကို သေသေချာချာသိအောင် မြတ်စွာဘုရား ဟောကြားတာ တရားနာပရိသတ်များ သဘောကျပါရဲ့လား ... သဘောကျပါတယ်ဘုရား။ အို-သဘောတွေကျလို့။ မိစ္ဆာဒိဋ္ဌိကို သိမှ သမ္မာဒိဋ္ဌိစစ်စစ် ဖြစ်နိုင်တယ်။ မိစ္ဆာဒိဋ္ဌိ မသိလို့ ရှိရင် သမ္မာဒိဋ္ဌိစစ်စစ်ဖြစ်ဖို့ရာ ခဲယဉ်းတယ်။ ဒီတော့ မိစ္ဆာဒိဋ္ဌိအများကို ရှေးဦးစွာ သိထားဖို့ ပိုမကောင်းပါ ဘူးလား ... ပိုကောင်းပါတယ်ဘုရား။ ပိုကောင်းတယ်။

မိစ္ဆာဒိဋ္ဌိကိုဟောပြီးတော့ အခု မြတ်စွာဘုရား ဟောတဲ့ သမ္မာဒိဋ္ဌိကို ဟောကြားပါတော့မယ်။

သမ္မာဒိဋ္ဌိကသော ဘိက္ခဝေ အနုပ္ပန္နာစေဝ အကု သလာဓမ္မာ နုပ္ပဇ္ဇန္တိ ဥပ္ပန္နာစ အကုသလာဓမ္မာ ပရိဟာ ယန္တိဟူ၍ ဟောကြားတော်မူခဲ့ပါသည်။ (အံ-ပ၊၃၃)

ဘိက္ခဝေ = သံသရာဘေး လာမည့်ရေးကို မျှော် တွေးထောက်ဆ သိမြင်ကြတဲ့ အို-ချစ်သား ချစ်သမီးတို့၊

www.dhammadownload.com



သမ္မာဒိဋ္ဌိကဿ = မှန်ကန်သည့် သမ္မာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်အား၊ အနုပ္ပန္နာစေဝ = မဖြစ်ပေါ်သေးကုန်သည် သာလျှင်ဖြစ်ကုန်သော၊ အကုသလာဓမ္မာစ = အကုသိုလ် တရားတို့သည်လည်း၊ နုပ္ပဇ္ဇန္တိ = မဖြစ်ပေါ်လာကြကုန်။

ဥပ္ပန္နာ = ဖြစ်ပေါ်ကုန်ပြီးသော၊ အကုသလာဓမ္မာစ = အကုသိုလ်တရားတို့သည်လည်း၊ ပရိဟာယန္တိ = ဆုတ်ယုတ်သွားကြကုန်၏။ ဣတိ = ဤသို့၊ ဘဂဝါ = မြတ်စွာဘုရားသည်၊ အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

သမ္မာဒိဋ္ဌိ = အယူကောင်းအယူမှန်ရှိတဲ့ ပုဂ္ဂိုလ်အား၊ အယူကောင်းအယူမှန်ရှိတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ မဖြစ်ပေါ်ဖူးသေးတဲ့ အကုသိုလ်တရားတွေကလည်း မဖြစ်လာကြတော့ဘူး။ ဖြစ်ပေါ်ပြီးတဲ့ အကုသိုလ်တရားတွေလည်း ဆုတ်ယုတ်သွားကြလိမ့်မယ်။

www.dhammadownload.com



မဖြစ်ပေါ်ဖူးသေးတဲ့ အကုသိုလ်တရားတွေလည်း မဖြစ်လာတော့ဘူး။ ဖြစ်ပေါ်ပြီးတဲ့ အကုသိုလ်တရားတွေလည်း ဆုတ်ယုတ်သွားမယ်ဆိုတော့ အကုသိုလ်တရားတွေ ဆုတ်ယုတ်သွားတော့ ဘယ်တရားတွေ ဖြစ်လာပါမလဲ ... ကုသိုလ်တရားတွေ ဖြစ်လာပါမယ်ဘုရား။ ကုသိုလ်တရားတွေ ဖြစ်ခြင်းရဲ့အကြောင်းပဲ။ ထင်ရှားအောင် မြတ်စွာဘုရား ဟောကြားတာဖြစ်တယ်။ ဆောင်ပုဒ်ဆိုကြရမယ်။

**ဆောင်ပုဒ်။ ။သမ္မာဒိဋ္ဌိ၊ အယူရှိက၊ မဖြစ်သေးငြား၊ အကုများ၊ ထင်ရှားမဖြစ်လာ။**

သမ္မာက-ကောင်းစွာမှန်ကန်သော၊ ဒိဋ္ဌိက-အမြင်အသိ။ ကောင်းသော၊ မှန်ကန်သော အမြင်အသိရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ မဖြစ်ဖူးသေးတဲ့ အကုသိုလ်တရားတွေလည်း မဖြစ်လာတော့ဘူးတဲ့။ အကုသိုလ်တရားတွေ မဖြစ်လာတော့ ဘယ်တရားတွေ ဖြစ်လာမလဲ ... ကုသိုလ်တရားတွေ ဖြစ်လာပါမယ်ဘုရား။

www.dhammadownload.com



ဖြစ်ပေါ်ပြီးတဲ့ အကုသိုလ်တရားများလည်း ဆုတ်ယုတ်သွားကြတယ်။ အကုသိုလ်တရားတွေ ဆုတ်ယုတ်သွားတဲ့အခါ ဘယ်တရားတွေ ဖြစ်လာကြပါမလဲ ... ကုသိုလ်တရားတွေ ဖြစ်လာပါမယ်ဘုရား။ အို-တရားနာပရိသတ်များ သဘောတွေပေါက်နေတယ်။ နေရာကျလိုက်တာ။

မြတ်စွာဘုရားသည် ရှေးဦးစွာ အမှားဖြစ်သည့်မိစ္ဆာဒိဋ္ဌိကို အရင်ဟောတယ်။ ဒုတိယကျမှ အမှန်ဖြစ်သည့် သမ္မာဒိဋ္ဌိကိုဟောတယ်။ လမ်းနှစ်ခုရှိရာတွင်ကိုယ်သွားချင်တဲ့ အရပ်ဒေသကိုသွားဖို့ရာ လမ်းနှစ်ခုတွေ့ရတဲ့အခါမှာ ဒီလမ်းက လမ်းမှားပဲ၊ ဒီလမ်းကလမ်းမှန်ပဲလို့ လမ်းမှားကို အရင်သိထားမှ လမ်းမှန်ကိုသွားရတာ စိတ်ချလက်ချနဲ့ မသွားရပါဘူးလား ... စိတ်ချလက်ချ သွားရပါတယ်ဘုရား။ တရားနာပရိသတ်များသဘောကျပါရဲ့လား ... သဘောကျပါတယ်ဘုရား။ မိစ္ဆာဒိဋ္ဌိကိုသိထားမှ သမ္မာဒိဋ္ဌိကို ပိုပြီးတော့ လေးလေးနက်နက် ယုံကြည်မှုဖြစ်လာမယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။

www.dhammadownload.com



ဆောင်ပုဒ်။ ။ သမ္မာဒိဋ္ဌိ၊ အယူရှိက၊ မဖြစ်သေးကြား၊
အကုများ၊ ထင်ရှားမဖြစ်လာ။
ဖြစ်ပေါ်ပြီးကြား၊ အကုများ၊
ဆုတ်ယုတ်သွားသည်သာ။

ရှေးဦးစွာ မိစ္ဆာဒိဋ္ဌိတွေ တရားနာပရိသတ်များ သိထားဖို့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း ဆိုလျှင် မိစ္ဆာဒိဋ္ဌိတွေက အလွန်များပြားကျယ်ဝန်းပါတယ်။ တရားနာပရိသတ်များ သိသင့်သိထိုက်တဲ့ မိစ္ဆာဒိဋ္ဌိကိုပဲ အခု ဟောကြားပေးပါမယ်။

နိယတမိစ္ဆာဒိဋ္ဌိ ၃-မျိုးရှိတယ်။ အမြဲတမ်း မှားယွင်းနေတဲ့အယူပဲ ဆိုရပေတယ်။ နိယတက - အမြဲ မိစ္ဆာဒိဋ္ဌိက-အယူမှား။ အဲဒီ နိယတမိစ္ဆာဒိဋ္ဌိက ဘယ်နမျိုးရှိလဲ ... ၃-မျိုးရှိပါတယ်ဘုရား။ မှန်တယ်၊ ၃-မျိုးရှိတယ်။

www.dhammadownload.com



နတ္ထိက နိယတ မိစ္ဆာဒိဋ္ဌိ၊
အဟေတုက နိယတ မိစ္ဆာဒိဋ္ဌိ၊
အကိရိယ နိယတ မိစ္ဆာဒိဋ္ဌိဟူ၍ ၃-မျိုးရှိပေ
တယ်။ (အံ-ဋ္ဌ-၃၊၁၅၄)

နတ္ထိကဒိဋ္ဌိဆိုတာကတော့ နတ္ထိ ဒိန္နံ နတ္ထိ ယိဋ္ဌံ။ ဒိန္နံ = ပေးလှူအပ်သောအကျိုးသည်၊ နတ္ထိ = မရှိ။ ယိဋ္ဌံ = ပူဇော်အပ်သောအကျိုးသည်၊ နတ္ထိ = မရှိ။ အလှူဒါနတွေပြုတာ ပူဇော်တာတွေ ကောင်းမှုအထူးတွေပြုတာ ဘာအကျိုးမှမရှိဘူးဆိုတဲ့ အကျိုးကို တားမြစ်တဲ့ မိစ္ဆာဒိဋ္ဌိဖြစ်တယ်။

အဟေတုကဒိဋ္ဌိဆိုတာကတော့ အကြောင်းကို တားမြစ်တယ်။ ကောင်းသည့်အကြောင်း၊ ဆိုးသည့် အကြောင်းဆိုတာ မရှိပေဘူး။ ချမ်းသာဆင်းရဲတွေ ဘာအကြောင်းမှ မရှိဘူး။ အလိုလိုချမ်းသာတယ်၊ အလိုလို ဆင်းရဲတယ်လို့ ယူဆတဲ့ဒိဋ္ဌိကို အဟေတုကဒိဋ္ဌိဟု ဆိုရတယ်။

www.dhammadownload.com



အကိရိယဒိဋ္ဌိဆိုတာကတော့ ကုသိုလ်ကံတွေ ပြုပြားသော်လည်း ကုသိုလ်ကံတွေ မဖြစ်လာဘူး၊ အကုသိုလ်အမှုတွေ ပြုပြားသော်လည်း အကုသိုလ်ကံတွေ မဖြစ်လာဘူးလို့ ကံကိုတားမြစ်တဲ့ ဒိဋ္ဌိကတော့ အကိရိယဒိဋ္ဌိဖြစ်တယ်။ ဤကဲ့သို့ နိယတမိစ္ဆာဒိဋ္ဌိ ၃-မျိုး ဖြစ်ပေတယ်။

အဲဒီ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိတဲ့ပုဂ္ဂိုလ်တွေဟာ ဘဝသံသရာမှာ မြုပ်ကျသွားလိမ့်မယ်တဲ့။ ဘယ်တိုင်အောင် မြုပ်ကျသွားနိုင်လဲ ... အစီစိတိုင်အောင် မြုပ်ကျသွားနိုင်ပါတယ်ဘုရား။ မြုပ်ကျသွားနိုင်တယ်။ ပြန်မပေါ်လာအောင် မြုပ်ကျသွားနိုင်တယ်လို့ မြတ်စွာဘုရားဟောကြားတော်မူခဲ့ပါတယ်။ အဲဒါလေးတွေ မှတ်သားဖွယ် ဆောင်ပုဒ်ဆိုကြရမယ်။

**ဆောင်ပုဒ်။ ။ အကျိုးကိုတား၊ နှစ်ယူမှား၊**
**ခေါ်ငြားနတ္ထိက။**

www.dhammadownload.com



လူ့အပ်တဲ့အကျိုးလည်း မရှိဘူး။ ပူဇော်အပ်တဲ့အကျိုးလည်း မရှိဘူး။ အကျိုးတွေကို တားမြစ်ပြီးတော့ အများကိုယူထားတဲ့ဒိဋ္ဌိကို ဘာဒိဋ္ဌိလဲ ... နတ္ထိကဒိဋ္ဌိပါဘုရား။ နတ္ထိကဒိဋ္ဌိဖြစ်တယ်။ တရားနာပရိသတ်များ သန္တာန်မှာ မရှိဘူး။ မရှိတော့ ဝမ်းသာရမလား၊ ဝမ်းနည်းရမလား ... ဝမ်းသာရပါမယ်ဘုရား။ ဝမ်းသာရမယ်။

**ဆောင်ပုဒ်။ ။ အကြောင်းကိုတား၊ စွဲယူမှား၊ ခေါ်ငြားအဟေတုက။**

ပုဂ္ဂိုလ်သတ္တဝါတွေ ချမ်းသာကြတယ်၊ ဆင်းရဲကြတယ်ဆိုတာ အကြောင်းမရှိဘူး။ အလိုလိုချမ်းသာတယ်၊ အလိုလိုဆင်းရဲတယ်လို့ ယူဆတဲ့ မိစ္ဆာဒိဋ္ဌိအယူကို ဘာအယူလို့ခေါ်ပါသလဲ ... အဟေတုကဒိဋ္ဌိပါဘုရား။ အဟေတုကဒိဋ္ဌိဖြစ်တယ်။

**ဆောင်ပုဒ်။ ။ ကံကိုပင်တား၊ စွဲယူမှား၊ ခေါ်ငြားအကိရိယ။**

www.dhammadownload.com



ကောင်းမှုတွေပြုပေမယ့်လည်း ကောင်းမှုကုသိုလ်ကံတွေ မဖြစ်လာဘူး။ မကောင်းမှုတွေ ပြုပင်ပြုငြား သော်လည်း မကောင်းတဲ့အကုသိုလ်ကံတွေ မဖြစ်လာဘူးလို့ ကံကိုတားမြစ်တဲ့ဒိဋ္ဌိကို ဘာဒိဋ္ဌိလို့ခေါ်ပါသလဲ ... အကိရိယဒိဋ္ဌိပါဘုရား။ အကိရိယဒိဋ္ဌိ တရားနာပရိသတ်များသန္တာန်မှာ မရှိဘူးတဲ့။ မရှိတော့ ဝမ်းမသာရပါဘူးလား ... ဝမ်းသာရပါတယ်ဘုရား။ ဝမ်းသာနေရတယ်။

တရားနာပရိသတ်များသန္တာန်မှာ ရှိနိုင်တဲ့ မိစ္ဆာဒိဋ္ဌိတွေလည်းရှိတယ်။ အဲဒီ မိမိတို့သန္တာန်မှာ ရှိနိုင်တဲ့ မိစ္ဆာဒိဋ္ဌိများကို သိထားမှ၊ အဲဒီ မိစ္ဆာဒိဋ္ဌိကို ပယ်နိုင်မှ မိမိတို့ အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူး တရားမြတ်တွေ ရရှိသွားနိုင်တယ်။

တရားနာပရိသတ်များသန္တာန်မှာ ရှိနေတဲ့ မိစ္ဆာဒိဋ္ဌိ အယူလွဲ အယူမှားတွေမှာ သက္ကာယဒိဋ္ဌိလည်း ရှိနေတတ်တယ်။ ဝိပဿနာတရား အားမထုတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ သက္ကာယဒိဋ္ဌိရှိနေတာလည်း တော်တော်ထင်ရှားတယ်။

www.dhammadownload.com



အကြောင်းမရှိဘဲနဲ့ အလိုလိုချမ်းသာတယ်၊ အလိုလိုဆင်းရဲတယ်လို့ ယူဆတဲ့ အဟေတုကဒိဋ္ဌိလည်း ရှိနေတတ်တယ်။

ဝိသမဟေတုဒိဋ္ဌိ=ဖန်ဆင်းဝါဒဆိုတာလည်း ရှိနေတတ်တယ်။ မြတ်စွာဘုရားလက်ထက်တော်အခါက ထင်ရှားစွာ ရှိခဲ့ပါတယ်။ ဗြဟ္မာ၊ ဗိဿနိုး၊ ကောင်းကင်ဘုံဘုရားစတဲ့ ဒီလိုပုဂ္ဂိုလ်တွေက လူတွေ ပုဂ္ဂိုလ်သတ္တဝါတွေကို ဖန်ဆင်းထားတာလို့ ယူဆတာ မြတ်စွာဘုရားလက်ထက်တော်အခါကလည်း ရှိခဲ့ပါတယ်။ ယခုအချိန်အခါမှာလည်း ရှိပါသေးလား ... ရှိပါတယ်ဘုရား။ ရှိနေတော့ သတိမထားရပါဘူးလား ... သတိထားရပါမယ်ဘုရား။

ဖန်ဆင်းဝါဒကို အဋ္ဌကထာဆရာတွေက ဝိသမဟေတုဒိဋ္ဌိလို့ အမည်ပေးပါတယ်။ အမည်ပေးထားပါတယ်။ ဝိသမဟေတုဒိဋ္ဌိ၌ ဝိသမဆိုတာ မညီမမျှတာ၊ အကြောင်းနဲ့အကျိုး မညီမျှတဲ့ အယူအဆကို ဝိသမ

www.dhammadownload.com



ဟေတုဒိဋ္ဌိ=ဖန်ဆင်းဝါဒလို့ ဆိုရပါတယ်။ လူတွေ ပုဂ္ဂိုလ် သတ္တဝါတွေကို ဗြဟ္မာ၊ ဗိဿနိုး၊ ကောင်းကင်ဘုံဘုရား စတဲ့ ဒီလိုပုဂ္ဂိုလ်တွေက ဖန်ဆင်းထားတာလို့ ယူတဲ့အ ယူဝါဒကို အဋ္ဌကထာဆရာကြွေက ဝိသမဟေတုဒိဋ္ဌိလို့ အမည်ပေးထားပါတယ်။ ဘာဖြစ်လို့လဲ ... အကြောင်း နဲ့အကျိုး မညီမျှလို့ပဲဖြစ်တယ်။

ဖန်ဆင်းရှင်တွေ တန်ခိုးရှင်တွေက ဖန်ဆင်းလိုက် တာကတော့ လူတွေ ပုဂ္ဂိုလ်သတ္တဝါတွေအားလုံး အကုန်လုံးချမ်းသာအောင်၊ အကုန်လုံးပြည့်စုံအောင်၊ အကုန်လုံးကြွယ်ဝအောင်၊ အကုန်လုံးလှလှပပ တင့် တင့်တယ်တယ်ရှိအောင် ဖန်ဆင်းလိုက်တာပဲ။ အကုန် လုံး ကောင်းအောင်ပဲ ဖန်ဆင်းတယ်။ လူတွေ ပုဂ္ဂိုလ် သတ္တဝါတွေ လာဖြစ်တဲ့အခါကျတော့ အကုန်လုံး အကောင်းချည်းပဲ ဖြစ်သလား ... မဖြစ်ပါဘုရား။ အကုန်လုံးချမ်းသာတဲ့ပုဂ္ဂိုလ်တွေချည်းပဲ ... မဖြစ်ပါ ဘုရား။ အကုန်လုံး ရုပ်ရည်အဆင်းတွေ လှပတင့်တယ် တဲ့ ပုဂ္ဂိုလ်တွေချည်းပဲ ... မဖြစ်ပါဘုရား။ မဖြစ်ဘူး။

www.dhammadownload.com



အကျိုးကျတော့ ဖန်ဆင်းတဲ့အတိုင်း လာမဖြစ်တော့ အကြောင်းနဲ့အကျိုး တူပါရဲ့လား ... မတူပါဘုရား။

မတူတာကို ပါဠိလို ဝိသမ၊ တူတာကို သမ၊ မတူတာကို ဝိသမ။ ဝိသမဟေတုဒိဋ္ဌိလို့ အဋ္ဌကထာ ဆရာများ အမည်ပေးတာ တရားနာပရိသတ်များ သဘောကျပါရဲ့လား ... သဘောကျပါတယ်ဘုရား။ သဘောကျတယ်။

အဲဒီ ဝိသမဟေတုဒိဋ္ဌိလည်း ရှိနေတတ်ပေတယ်။ အပြောကောင်း အဟောကောင်းတဲ့ ပုဂ္ဂိုလ်တွေက ဟောလိုက်လို့ရှိရင် ဝိပဿနာတရား အားထုတ်ထား လို့ ပစ္စယပရိဂ္ဂဟဉာဏ်သို့ မရောက်သေးတဲ့ ယောဂီ ပုဂ္ဂိုလ်တွေနှင့် လုံးဝ အားမထုတ်တဲ့ ပုဂ္ဂိုလ်တွေ ဖန်ဆင်းဝါဒထဲကို ပါမသွားနိုင်ပါဘူးလား ... ပါသွားနိုင် ပါတယ်ဘုရား။ နေရာမှကျပါမလား ... နေရာမကျပါ ဘုရား။ နေရာမကျတော့ပေဘူး။

www.dhammadownload.com



နောက်တစ်ခါ ဥစ္ဆေဒဒိဋ္ဌိတဲ့။ ဥစ္ဆေဒဒိဋ္ဌိဆိုတာ တစ်ဘဝနဲ့ပြတ်တဲ့အယူ။ လူဆိုတာတစ်ဘဝပဲ။ နောက်ဘဝ မရှိဘူးတဲ့။ နိဗ္ဗာန်ဆိုတာလည်း မရှိဘူးတဲ့။ တစ်ဘဝနဲ့ ပြတ်တဲ့အယူကို ဘာအယူလို့ခေါ် ... ဥစ္ဆေဒဒိဋ္ဌိအယူပါဘုရား။ မြတ်စွာဘုရားလက်ထက်တော်အခါက အများအပြားပဲ ရှိခဲ့ပါတယ်။ ယခုအချိန်အခါမှာလည်း အနည်းငယ်တော့ ရှိပါသေးတယ်။

သိပ်တိုးတက်နေတဲ့ တိုင်းပြည်ကြီးတွေမှာ ရှိနေကြတဲ့ အချို့သောပုဂ္ဂိုလ်တွေ လူဆိုတာ တစ်ဘဝပဲတဲ့။ နောက်ဘဝ မရှိဘူးတဲ့။ နိဗ္ဗာန်ဆိုတာလည်း မရှိဘူးလို့ ယူဆပြီးတော့ ဒီဘဝ ကောင်းစားရေးအတွက်ကိုတော့ အစွမ်းကုန် ကိုယ်အားဉာဏ်အား စွမ်းအားရှိသလောက် ကြိုးစားကြတယ်။ ကောင်းတာလည်း ပြုလုပ်နိုင်ရမယ်။ မကောင်းတာလည်း ပြုလုပ်နိုင်ရမယ်။ ဒီဘဝ ချမ်းသာရေးဟာ အဓိကပဲ။ နောင်ဘဝ မရှိဘူးလို့ ယူဆကြတယ်။

www.dhammadownload.com



နှောင်ဘဝ မရှိဘူးလို့ ယူဆတော့ နှောင်ဘဝ အတွက် ကောင်းမှုကုသိုလ်တွေလည်း မပြုတော့ဘူး။ နိဗ္ဗာန် မရှိဘူးလို့ ယူဆတော့ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်တွေလည်း မကျင့်တော့ဘူး။

ကောင်းမှုကုသိုလ်လည်း မပြုဘူး၊ နိဗ္ဗာန်ရောက် ကြောင်း အကျင့်ကောင်း အကျင့်မြတ်တွေလည်း မကျင့် ဘူးဆိုတော့ ထိုပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ ကုသိုလ်ဖြစ်တာ များမလား၊ အကုသိုလ်တွေဖြစ်တာပဲ များနေမလား ... အကုသိုလ်တွေဖြစ်တာ များနေပါမယ်ဘုရား။ များနေ ပေတယ်။ ထိုပုဂ္ဂိုလ်မျိုးတွေ အခုအချိန်အခါမှာလည်း ရှိနေသေးတယ်။

နောက်တစ်ခါ သဿတဒိဋ္ဌိဆိုတာလည်း ရှိ တယ်။ သဿတဒိဋ္ဌိဆိုတာကတော့ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေမှာလည်း သဿတဒိဋ္ဌိအစွဲလေးတွေ ရှိနေ တာ တော်တော်များများပဲရှိတယ်။

www.dhammadownload.com



တရားနာပရိသတ်များ ကြားဖူးပါလိမ့်မယ်၊ ပုဂ္ဂိုလ်တစ်ယောက် ကွယ်လွန်သွားတဲ့အခါ ရုပ်ကလာပ်ကြီး ရုပ်ကိုယ်ကြီးကသာ ဒီဘဝမှာ ကျန်နေခဲ့တယ်။ နာမ်လေး ဝိညာဉ်လေးကတော့ နောင်ဘဝကို ပြောင်းသွားတယ်။

ငှက်ကလေးများ သစ်ပင်တစ်ပင်ကနေ တစ်ပင်ကို ပြောင်းပြောင်း ပျံပျံသွားသလို နာမ်ကလေး ဝိညာဉ်လေးကတော့ တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းပြောင်းသွားတယ်။ ရုပ်ကိုယ်ကြီးကသာ ကျန်ကျန်နေခဲ့တယ်လို့ ဒီလိုယူဆတဲ့အယူအဆဟာ သဿတဒိဋ္ဌိပဲဖြစ်တယ်။

နာမ်လေးကိုပင် "အတ္တကောင်လေးဟာ မြဲတယ်" လို့ ယူဆတဲ့ အစိပ္ပါယ်မကျပါဘူးလား ... အစိပ္ပါယ်ကျပါတယ်ဘုရား။ နာမ်လေးကိုလည်း အတ္တလို့ စွဲတာကိုး။ နာမ်လေးဟာ အတ္တလေးဟာ ဒီဘဝကနေ နောင်ဘဝ၊ နောက်ဘဝကနေ နောက်နောင်ဘဝများသို့ ပြောင်းသွားတယ်။ ရုပ်ကိုယ်ကြီးက ကျန်ကျန်နေခဲ့တယ်။ နာမ်လေး အတ္တလေးကတော့ ပြောင်းပြောင်း

www.dhammadownload.com



သွားတယ်လို့ ယူဆတဲ့ အယူအဆသည် ဘာဒိဋ္ဌိပါလဲ ... သဿတဒိဋ္ဌိပါဘုရား။ မှန်တယ်၊ သဿတဒိဋ္ဌိ ဖြစ်တယ်။

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေမှာလည်း အနည်းငယ် မရှိနေတတ်ပါဘူးလား ... ရှိနေတတ်ပါတယ်ဘုရား။ ရှိနေတတ်တယ်။ ဘဝပြောင်းသွားတယ်၊ ဘဝပြောင်းသွားတယ်ဆိုပြီးတော့ စိတ်ကလေး အတ္တကလေးဟာ နောင်နောင်ဘဝကို ပြောင်းသွားတယ်လို့ ယူနေရင်တော့ နေရာမှကျပါတော့မလား ... နေရာမကျတော့ပါဘုရား။

အဲဒီဒိဋ္ဌိတွေကို ပယ်နိုင်ရအောင် တရားနာပရိသတ်များ ဘယ်တရားတွေများ အားထုတ်နေရပါလဲ ... သတိပဋ္ဌာန်ဝိပဿနာတရားတွေ အားထုတ်နေရပါတယ်ဘုရား။

သက္ကာယဒိဋ္ဌိ၊ ဝိသမဟေတုဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိတွေ ရှိနေသေးလို့ရှိရင်တော့ အပါယ်သံသရာက လွတ်သလား၊ မလွတ်သေး

www.dhammadownload.com



ဘူးလား ... မလွတ်သေးပါဘုရား။ မလွတ်သေးဘူးဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။

သက္ကာယဒိဋ္ဌိအကြောင်းလေး ခုန အပြည့်အစုံ မပြောခဲ့ရဘူး။ သက္ကာယဆိုတာ -

သန္တော ကာယော သက္ကာယော။

သန္တော = ထင်ရှားရှိသော၊ ကာယော = ဥပါဒါနက္ခန္ဓာငါးပါး။

အဲဒီ ဥပါဒါနက္ခန္ဓာငါးပါးကို အတ္တ = ငါ့ကိုယ်လို့ စွဲတယ်။ ခန္ဓာငါးပါးကို "ငါ့ကိုယ်"လို့စွဲတာ စွဲပြီးတော့ သိနေတာ အမှန်သိလား၊ အမှားသိလား ... အမှားသိပါဘုရား။

သက္ကာယဒိဋ္ဌိဖြင့် "ငါ့ကိုယ် ငါ့ကိုယ်"ဟုစွဲကာ ရုပ်နာမ်လို့ မကွဲပါဘဲ ဥပါဒါနက္ခန္ဓာငါးပါးကို "ငါ့ကိုယ် ငါ့ကိုယ်"လို့သိနေတာ သက္ကာယဒိဋ္ဌိပဲတဲ့။ အဲဒီသက္ကာယ ဒိဋ္ဌိ ရှိနေသမျှ ကာလပတ်လုံး အပါယ်သံသရာက

www.dhammadownload.com



လွတ်ပလား ... မလွတ်သေးပါဘုရား။ မလွတ်သေးပေဘူး။ ဝိပဿနာတရား အားထုတ်တော့ သက္ကာယဒိဋ္ဌိကို ပယ်တာတွေ ထင်ရှားပါတယ်။ မိစ္ဆာဒိဋ္ဌိအကြောင်း ဟောတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

သမ္မာဒိဋ္ဌိအကြောင်း ဟောပါတော့မယ်။ တရားနာပရိသတ်များ သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံချင်တာကိုး။ မိစ္ဆာဒိဋ္ဌိကိုသိမှ သမ္မာဒိဋ္ဌိနှင့် ပိုပြီး မပြည့်စုံပါဘူးလား ... ပိုပြည့်စုံပါတယ်ဘုရား။ လမ်းမှားကိုသိမှ လမ်းမှန်ကို ပိုပြီးတော့ စိတ်ချလက်ချ မသွားရပါဘူးလား ... စိတ်ချလက်ချ သွားရပါတယ်ဘုရား။

မိစ္ဆာဒိဋ္ဌိကိုသိပြီးမှ သမ္မာဒိဋ္ဌိဖြစ်အောင် စွဲစွဲမြဲမြဲအားထုတ်ပြီးတော့ ဘယ်ကို သွားကြမှာတဲ့ ... နိဗ္ဗာန်ကို သွားကြမှာပါဘုရား။ သမ္မာဒိဋ္ဌိဖြင့် နိဗ္ဗာန်သွားကြမှာ နေရာကျလိုက်တာ။ သမ္မာဒိဋ္ဌိကို အဋ္ဌကထာဆရာတွေ ဖွင့်ပြကြပါတယ်။

www.dhammadownload.com



သမ္မာဒိဋ္ဌိယာ သမန္နာဂတာတိ။

သမ္မာဒိဋ္ဌိယာ သမန္နာဂတာဟူသည်ကား -

ကမ္မဿကတာသမ္မာဒိဋ္ဌိ = ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏ဟု ယူသော ကမ္မဿကတာသမ္မာဒိဋ္ဌိလည်းကောင်း၊ ဈာနသမ္မာဒိဋ္ဌိ = ဈာန်သမ္မာဒိဋ္ဌိလည်းကောင်း၊ ဝိပဿနာသမ္မာဒိဋ္ဌိ = ဝိပဿနာသမ္မာဒိဋ္ဌိလည်းကောင်း၊ မဂ္ဂသမ္မာဒိဋ္ဌိ = မဂ်သမ္မာဒိဋ္ဌိလည်းကောင်း၊ ဖလသမ္မာဒိဋ္ဌိ = ဖိုလ်သမ္မာဒိဋ္ဌိလည်းကောင်း၊ ဣတိ = ဤသို့၊ သမ္မာဒိဋ္ဌိ = သမ္မာဒိဋ္ဌိသည်၊ ပဉ္စဝိဓာ = ငါးပါးအပြားရှိသည်၊ ဟောတိ = ဖြစ်၏။ ဣတိ = ဤသို့၊ အင်္ဂကထာစရိယော = အဋ္ဌကထာဆရာသည်၊ သံဝဏ္ဏေတိ= ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

သမ္မာဒိဋ္ဌိငါးမျိုးတို့တွင် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်ဟု အမှန်အတိုင်းသိတဲ့ဒိဋ္ဌိကို ဘာဒိဋ္ဌိလို့ဆိုပါသလဲ ... ကမ္မဿကတာသမ္မာဒိဋ္ဌိပါဘုရား။ ကောင်းမှု

www.dhammadownload.com



ကုသိုလ်တွေပြုလို့ရှိရင် ကောင်းတဲ့ကုသိုလ်ကံတွေ ဖြစ်တယ်။ ကောင်းကျိုးတွေ ဒီဘဝမှာလည်း ခံစားရရှိနိုင်တယ်။ နောင်နောင်သံသရာဘဝတွေမှာလည်း ကောင်းမြတ်ရာ ကောင်းမြတ်ရာ ဘုံဘဝသို့ ရောက်ပြီးတော့ နိဗ္ဗာန်ချမ်းသာရောက်သည့် ဘဝတိုင်အောင် ကောင်းကျိုးတွေ ခံစားရရှိနိုင်တယ်လို့ ယုံကြည်ခြင်းရှေ့သွားရှိတဲ့အသိဉာဏ် တရားနာပရိသတ်များသန္တာန်မှာ ရှိပါရဲ့လား ... ရှိပါတယ်ဘုရား။ အဲဒါ ကမ္မဿကတာသမ္မာဒိဋ္ဌိ ဖြစ်တယ်။

မကောင်းတဲ့ ဒုစရိုက်မှုတွေ ပြုမိမယ်ဆိုလို့ရှိရင် မကောင်းတဲ့ အကုသိုလ်ကံတွေဖြစ်တယ်။ မကောင်းကျိုးတွေ ဒီဘဝမှာလည်း ခံစားရတယ်။ ဒုက္ခအမျိုးမျိုးတွေနဲ့ တွေ့ရတတ်တယ်။ နောင်နောင်သံသရာဘဝတွေမှာ အပါယ်ငရဲကျပြီးတော့ ဒုက္ခအမျိုးမျိုးတွေ ခံရတယ်လို့ ယုံကြည်ခြင်းရှေ့သွားရှိတဲ့အသိဉာဏ် တရားနာပရိသတ်များသန္တာန်မှာ ရှိပါရဲ့လား ... ရှိပါတယ်ဘုရား။ အဲဒါလည်း ကမ္မဿကတာသမ္မာဒိဋ္ဌိဖြစ်တယ်။

www.dhammadownload.com



ဝိပဿနာတရား အားထုတ်သဖြင့် အမှတ်တွေ ပြည့်သွားတဲ့အခါ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရောက်သွားနိုင်တယ်လို့ ယုံကြည်ခြင်း ရှေ့သွားရှိတဲ့အသိဉာဏ် တရားနာပရိသတ်များသန္တာန် မှာ ရှိပါရဲ့လား ... ရှိပါတယ်ဘုရား။ အဲဒါလည်း ကမ္မဿကတသမ္မာဒိဋ္ဌိပဲဖြစ်တယ်။

အဲဒီကမ္မဿကတသမ္မာဒိဋ္ဌိ ရှိနေပြီဆိုလို့ရှိရင် တော့ ကုသိုလ်တရားတွေဟာ တိုးပွားလာဖို့ပဲ။ အကု သိုလ်တရားတွေ ဆုတ်ယုတ်သွားဖို့ပဲ မဖြစ်ပါဘူးလား ... ဖြစ်ပါတယ်ဘုရား။ ဖြစ်တယ်။ အကုသိုလ်တရား တွေ ဆုတ်ယုတ်ပြီးတော့ ကုသိုလ်တရားတွေ တိုးပွား ဖို့ရာ ဖြစ်တယ်။ ကမ္မဿကတသမ္မာဒိဋ္ဌိ အခြေခံ အရင်းခံပါပဲ။ ကမ္မဿကတသမ္မာဒိဋ္ဌိ ရှိလာပြီဆိုလို့ရှိ ရင် ဝိပဿနာတရား အားထုတ်လို့ ရသွားပါပြီ။

ဈာနသမ္မာဒိဋ္ဌိဆိုတာ ဈာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ် တွေရဲ့သန္တာန်မှာဖြစ်တဲ့ သမ္မာဒိဋ္ဌိဖြစ်တယ်။

www.dhammadownload.com



ဝိပဿနာသမ္မာဒိဋ္ဌိဆိုတာ ဝိပဿနာတရားအားထုတ်လို့ဖြစ်လာတဲ့ သမ္မာဒိဋ္ဌိဖြစ်တယ်။ တရားနာပရိသတ်များသန္တာန်မှာ ရှိနေပေတယ်။ ဝိပဿနာတရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ နာမရူပပရိစ္ဆေဒဉာဏ်က စပြီးတော့ ဉာဏ်စဉ်တွေ အဆင့်ဆင့်တက်သွား၍ အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်တိုင်အောင် ဉာဏ်တွေဟာ ဝိပဿနာသမ္မာဒိဋ္ဌိတွေပဲဖြစ်တယ်။

ဝိပဿနာသမ္မာဒိဋ္ဌိသည် တရားနာပရိသတ်များလို ဝိပဿနာတရား အားထုတ်တဲ့ပုဂ္ဂိုလ်တွေသန္တာန်မှာ မရှိနေပါဘူးလား ... ရှိနေပါတယ်ဘုရား။ အဲဒါလည်း ကိုယ့်ရဲ့ ဝိပဿနာသမ္မာဒိဋ္ဌိဟာ ဘယ်အဆင့်မှာရှိတယ်လို့ ကိုယ်တိုင်သိရရင် ပိုမကောင်းပါဘူးလား ... ပိုကောင်းပါတယ်ဘုရား။ ကိုယ်တိုင်သိတော့ ပိုကောင်းပါတယ်။ ဒီတော့မှ ဆက်လက်ပြီး အားထုတ်နိုင်မည်ဖြစ်ပေတယ်။

မဂ္ဂသမ္မာဒိဋ္ဌိဆိုတာ မဂ်အခိုက်အတန့်မှာ ဖြစ်လာတဲ့ သမ္မာဒိဋ္ဌိဖြစ်တယ်။

www.dhammadownload.com



ဖလသမ္မာဒိဋ္ဌိဆိုတာ ဖိုလ်အခိုက်အတန့်မှာ ဖြစ်လာတဲ့ သမ္မာဒိဋ္ဌိဖြစ်တယ်။

တရားနာပရိသတ်များသန္တာန်မှာဖြစ်နိုင်တဲ့ သမ္မာဒိဋ္ဌိ ဘယ်နှမျိုးပါလဲ … ၅-မျိုးပါဘုရား။ မှန်တယ်။ ၅-မျိုးဖြစ်တယ်။ "သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိ"လို့ ပြောနေကြတယ်၊ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သန္တာန်မှာ ဖြစ်နေတဲ့၊ ဖြစ်နိုင်တဲ့ သမ္မာဒိဋ္ဌိကို ပြောပြခဲ့ပါလို့ ဘာသာခြား နိုင်ငံခြားသားများက မမေးဘူးလို့ ဆိုမှုဆိုနိုင်ပါ့မလား … မဆိုနိုင်ပါဘုရား။

ဗုဒ္ဓတရားတော်တွေက ကမ္ဘာမှာ ပျံ့နှံ့သွားလို့ ဗုဒ္ဓဘာသာဝင်တွေနဲ့ တွေ့တဲ့အခါ အလွန်မေးကြတယ်။ မြန်မာပြည်က ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေဆိုတော့ ပို မေးကြတယ်။

"ဘယ်ကပါလဲ"
"မြန်မာပြည်က"

www.dhammadownload.com



"ဘာအယူဝါဒရှိပါလဲ"

"ဗုဒ္ဓဘာသာပါ"

သမ္မာဒိဋ္ဌိ ၅-မျိုးကို ပြောပြခဲ့ပါဦးဟု မမေးဘူးလို့ ဆိုမှဆိုနိုင်ပါ့မလား ... မဆိုနိုင်ပါဘုရား။ မေးလာခဲ့သော် ဖြေနိုင်ရမယ်။ ဖြေနိုင်ရင်တော့ သာသနာအတွက် အကျိုးများပါတယ်။ မဖြေနိုင်ရင်တော့ အကျိုးမများဘူး။ အထင်အမြင်လည်း သေးသွားတတ်ပါတယ်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်လည်း ပြောပါရဲ့ သမ္မာဒိဋ္ဌိလည်း မသိပါလား။ ချီးမွမ်းမလား၊ ကဲ့ရဲ့မလား ... ကဲ့ရဲ့ပါ့မယ်ဘုရား။ ကဲ့ရဲ့သွားလိမ့်မယ်။ တရားနာပရိသတ်များ ပြောပြမှာပါပဲ။ အခုတရားနာပရိသတ်များ ပြောပြနိုင်ပါတယ်။ ဆောင်ပုဒ်ဆိုကြရမယ်။

ဆောင်ပုဒ်။ ။ ကမ္မ ဈာန၊ ဝိပဿနာဖြာ၊ မဂ်ဖိုလ်ဝါ၊ ငါးဖြာသမ္မာဒိဋ္ဌိတည်း။

www.dhammadownload.com



ကမ္မဿကတသမ္မာဒိဋ္ဌိက ဘဝသမ္ပတ္တိကို ဖြစ်စေတယ်။ ဘဝသမ္ပတ္တိ-မြင့်မြတ်တဲ့ မြင့်မြတ်တဲ့ ဘုံဘဝတွေကို ရောက်သွားစေနိုင်တယ်။

ဈာနသမ္မာဒိဋ္ဌိက ရူပ၊ အရူပပဋိသန္ဓေကို ဖြစ်စေတယ်။ ရူပ၊ အရူပဘုံသို့ ရောက်သွားနိုင်တယ်။ ဝိပဿနာသမ္မာဒိဋ္ဌိက ပဋိသန္ဓေကို မဆွဲငင် မဖြစ်စေပေဘူး။ အကယ်၍ သောတာပန်ဖြစ်သွားလို့ အကျိုးပေးမယ်ဆိုလို့ရှိရင် ၇-ဘဝပဲ အကျိုးပေးလိမ့်မယ်လို့ ဖွင့်ပြပါတယ်။

မဂ္ဂသမ္မာဒိဋ္ဌိကတော့ ဝဋ်ကိုဖျက်ဆီးတယ်။ မဂ္ဂသမ္မာဒိဋ္ဌိ = မဂ်သမ္မာဒိဋ္ဌိသည်၊ ဝဋ္ဋံ = ဝဋ်ကို၊ ဝိဒ္ဓံသေတိ = ဖျက်ဆီး၏။ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို မဂ်ကဖျက်ဆီးတယ်။

ဖလသမ္မာဒိဋ္ဌိကတော့ ဘဝံ ပဋိဗာဟတိ = ဘဝတွေကို တားမြစ်တယ်။ ဖိုလ် = ဖလသမာပတ်ဝင်စားနေ၍ ကာသိုလ်ကံ၊ အကုသိုလ်ကံတွေ မဖြစ်လာနိုင်

www.dhammadownload.com



တော့ ဘဝတွေလည်း တားမြစ်ပြီးသား မဖြစ်လာပါ ဘူးလား ... တားမြစ်ပြီးသား ဖြစ်လာပါတယ်ဘုရား။ တားမြစ်ပြီးသားဖြစ်တယ်။ ဖလသမာဒိဋ္ဌိကတော့ ဘဝ တွေကို တားမြစ်တယ်။ တရားနာပရိသတ်များက ဘဝ တွေ ရှည်ချင်ပါသလား၊ တိုချင်ပါသလား ... တိုချင် ပါတယ်ဘုရား။ အို-သဘောတွေပေါက်နေတယ်။

တိုချင်လို့ရှိရင် ဖလသမာဒိဋ္ဌိရောက်အောင် ဝိပဿနာတရား အားထုတ်ပါက ဘဝတွေ တဖြည်း ဖြည်း တိုသွားမှာပါပဲ။ ဖိုလ်ဝင်စားနေတဲ့ အခိုက်အတန့် ကံတွေ မပြုနိုင်တဲ့အတွက်ကြောင့် ကံတွေမရှိတော့ ဘဝတွေလည်း ... မရှိတော့ပါဘုရား။ မရှိတော့ပေဘူး။ ဘဝကို တားမြစ်လိုက်တာ ထင်ရှားပေတယ်။

ဝိပဿနာတရား အားထုတ်လိုက်တဲ့အခါ အဲဒီ သက္ကာယဒိဋ္ဌိဆိုတဲ့ မိစ္ဆာဒိဋ္ဌိ၊ ဝိသမလောဘဒိဋ္ဌိ၊ ဥစ္ဆေဒ ဒိဋ္ဌိ၊ သဿတဒိဋ္ဌိတွေကို ပယ်သွားနိုင်တယ်လို့ အဋ္ဌ ကထာဆရာတွေ ဖွင့်ပြပါတယ်။

www.dhammadownload.com



နာမရူပ ဝဝတ္ထာနေန = နာမ်ရုပ်ကို ပိုင်းခြားခြင်းဖြင့်၊ သက္ကာယဒိဋ္ဌိယာ = သက္ကာယဒိဋ္ဌိကို၊ ပဟာန်= ပယ်ခြင်းသည်၊ ဟောတိ = ဖြစ်၏။ ဣတိ = ဤသို့၊ အဋ္ဌကထာစရိယော = အဋ္ဌကထာဆရာသည်၊ သံဝဏ္ဏေတိ = ကောင်းစွာမသေ့ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။ (မူလပဏ္ဏာသ–ဋ္ဌ၊ ၂၄)

သာဓု ... သာဓု ... သာဓုပါဘုရား။

ဝိပဿနာတရားအားထုတ်လို့ နာမရူပပရိစ္ဆေဒဉာဏ်သို့ ရောက်သွားတဲ့ပုဂ္ဂိုလ် အဲဒီ နာမရူပပရိစ္ဆေဒဉာဏ်ကနေပြီးတော့ သက္ကာယဒိဋ္ဌိကို ပယ်တယ်တဲ့။

ပစ္စယပရိဂ္ဂဟေန = ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်၊ အဟေတု ဝိသမဟေတုဒိဋ္ဌီနံ = အဟေတုကဒိဋ္ဌိ ဝိသမဟေတုဒိဋ္ဌိတို့ကို၊ ပဟာန် = ပယ်ခြင်းသည်၊ ဟောတိ = ဖြစ်၏။ ဣတိ = ဤသို့၊ အဋ္ဌကထာစရိယော = အဋ္ဌကထာဆရာသည်၊ သံဝဏ္ဏေတိ =

www.dhammadownload.com



ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဥဒယဒဿနေန = အဖြစ်ကိုမြင်ခြင်းဖြင့်၊ ဥစ္ဆေဒ ဒိဋ္ဌိယာ = ဥစ္ဆေဒဒိဋ္ဌိကို၊ ပဟာနံ = ပယ်ခြင်းသည်၊ ဟောတိ = ဖြစ်၏။ ဝယဒဿနေန = အပျက်ကို မြင်ခြင်းဖြင့်၊ သဿတဒိဋ္ဌိယာ = သဿတဒိဋ္ဌိကို၊ ပဟာနံ = ပယ်ခြင်းသည်၊ ဟောတိ = ဖြစ်၏။ ဣတိ= ဤသို့၊ အဋ္ဌကထာစရိယော = အဋ္ဌကထာဆရာသည်၊ သံဝဏ္ဏေတိ = ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါပေ သတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

တရားနာပရိသတ်များက ဝိပဿနာယောဂီတွေ ဆိုတော့ ဝိပဿနာဉာဏ်နဲ့ မိစ္ဆာဒိဋ္ဌိတွေ ပယ်ပုံကို သိထားရင် ပိုပြီးတော့ အားထုတ်ရတာ ဝမ်းမြောက် ဝမ်းသာနဲ့ အားမထုတ်ရပါဘူးလား ... အားထုတ်ရ ပါတယ်ဘုရား။ အားထုတ်ရတယ်။

www.dhammadownload.com



ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြတဲ့နည်းဖြင့် အားထုတ်တဲ့ပုဂ္ဂိုလ်တွေ ထိုင်မှတ်တဲ့ အခါ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ်ဟု ရှုမှတ်ကြရပါတယ်။ ရှုမှတ်ခါစမှာတော့ သမာဓိဉာဏ် တွေ ကောင်းကောင်းမဖြစ်သေးလို့ရှိရင် ဘာမှ ထူးခြား စွာ မသိရဘူး။

နောက် ဆင့်ကာဆင့်ကာရှုမှတ်လို့ သမာဓိဉာဏ် တွေ ဖြစ်လာတဲ့အခါ ၂-ရက်၊ ၃-ရက်၊ ၄-ရက်လောက် ရလာတဲ့အခါ ဖောင်းတယ်လို့မှတ်လိုက်ရင် ဖောင်းနေ တာကတခြား မှတ်သိလိုက်တာကတခြား၊ ပိန်တယ်လို့ မှတ်လိုက်ရင် ပိန်နေတာကတခြား မှတ်သိလိုက်တာက တခြား၊ ထိုင်တယ်လို့မှတ်လိုက်ရင် ထိုင်နေတာက တခြား မှတ်သိလိုက်တာကတခြား၊ ထိတယ်လို့မှတ် လိုက်ရင် ထိနေတာကတခြား မှတ်သိလိုက်တာက တခြား၊ ဖောင်းတာ ပိန်တာ ထိုင်တာ ထိတာတွေက အာရုံကို မသိတတ်တဲ့အတွက်ကြောင့် ရုပ်တရားပါလား၊ နာမ်တရားပါလား ... ရုပ်တရားပါဘုရား။ မသိတတ်တာ

www.dhammadownload.com



... ရုပ်တရားပါဘုရား။ ဖောင်းတယ် ပိန့်တယ် ထိုင်တယ် ထိတယ်လို့ လိုက်လိုက်ပြီးတော့ မှတ်သိမှတ်သိနေတာက အာရုံကို သိတတ်တဲ့အတွက်ကြောင့် ရုပ်တရားပါလား။ နာမ်တရားပါလား ... နာမ်တရားပါဘုရား။ သိတတ်တာ ... နာမ်တရားပါဘုရား။

ဩော် - ဒီခန္ဓာကိုယ်ထဲမှာ ရုပ်တရား၊ နာမ်တရား ၂-ပါးပဲရှိတယ်။ "ငါ ငါ" ဆိုတာ တကယ်တော့ မရှိဘူး။ သူတစ်ပါးတွေ နားလည်အောင်သာ ပြောနေရတာ။ တကယ်တော့ ငါကောင်လေး မရှိဘူးလို့ ဒီလိုသိသွားတာ ဘယ်ဒိဋ္ဌိကို ပယ်လိုက်ပါလဲ ... သက္ကာယဒိဋ္ဌိကိုပယ်လိုက်ပါတယ်ဘုရား။ သက္ကာယဒိဋ္ဌိကို ပယ်လိုက်တာ ဖြစ်ပေတယ်။

ရုပ်တရား နာမ်တရား ၂-ပါးပဲရှိတယ်။ ခန္ဓာငါးပါးပဲရှိတယ်။ ငါဆိုတာမရှိဘူးလို့ နာမရူပပရိစ္ဆေဒဉာဏ်ကနေပြီးတော့ သက္ကာယဒိဋ္ဌိကို မပယ်လိုက်ပါဘူးလား ... ပယ်လိုက်ပါတယ်ဘုရား။ ပယ်လိုက်ပေတယ်။

www.dhammadownload.com



နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။ အပါယ်တံခါးပိတ်သွားဖို့ရာ အကောင်းဆုံးအခြေခံပါပဲ။ သက္ကာယဒိဋ္ဌိ ရှိနေသမျှကာလပတ်လုံး အပါယ်သံသရာက လွတ်ပလား ... မလွတ်သေးပါဘုရား။ မလွတ်သေးပေဘူး။ ဝိပဿနာတရားအားထုတ်လို့ နာမရူပပရိစ္ဆေဒဉာဏ်သို့ ရောက်သွားတာနဲ့ အဲဒီ သက္ကာယဒိဋ္ဌိကို ပယ်လိုက်ပြီ။

အဋ္ဌကထာဆရာတွေ ဖွင့်ပြတာနဲ့ တရားနာပရိသတ်များ အားထုတ်လို့သိထားတဲ့အသိဉာဏ်နဲ့ ကိုက်မှကိုက်ညီပါရဲ့လား ... ကိုက်ညီပါတယ်ဘုရား။ အို- ကိုက်ညီလိုက်တာ၊ နေရာကျလိုက်တာ။

ဆင့်ကာဆင့်ကာရှုမှတ်လို့ သမာဓိဉာဏ်တစ်ဆင့်ရင့်ကျက် ထက်သန်အားရှိလာတဲ့အခါ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ်လို့ ရှုမှတ်နေရင်း ရှုမှတ်နေရင်းပဲ ဖောင်းတာ ပိန်တာ ထိုင်တာ ထိတာတွေက ရှေ့ကပေါ်ပေါ်ပေးနေလို့ မှတ်သိစိတ်က နောက်က

www.dhammadownload.com



လိုက်လိုက်ပြီးတော့ မှတ်ပေးမှတ်ပေးနေရတာပဲ၊ ဖောင်းတာ ပိန်တာ ထိုင်တာ ထိတာတွေက အကြောင်းတရားပဲ။ သူတို့ရှိနေလို့ မှတ်နေရတာကို။ အကြောင်းလား၊ အကျိုးလား ... အကြောင်းတရားပါဘုရား။ နောက်ကလိုက်ပြီးတော့ မှတ်သိမှတ်သိနေရတာက အကြောင်းတရားလား၊ အကျိုးတရားလား ... အကျိုးတရားပါဘုရား။

ဖောင်းတာ ပိန်တာ ထိုင်တာ ထိတာတွေရှိနေလို့ မှတ်သိစိတ်တွေ ဖြစ်နေတာပဲ။ ဖောင်းတာ ပိန်တာ ထိုင်တာ ထိတာတွေက အကြောင်းတရား၊ မှတ်သိစိတ်က ... အကျိုးတရားပါဘုရား။ အကြောင်းနဲ့အကျိုးကိုသိတာ ဘာဉာဏ်လို့ခေါ်ပါသလဲ ... ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား။

အဲဒီ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သွားတာနဲ့ တစ်ပြိုင်နက်တည်း ပစ္စယပရိဂ္ဂဟေန = ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်၊ အဟေတု ဝိသမဟေတုဒိဋ္ဌိနံ = အဟေ

www.dhammadownload.com



တကဒိဋ္ဌိ ဝိသမဟေတုဒိဋ္ဌိတို့ကို၊ ပဟာန် = ပယ်ခြင်း သည်၊ ဟောတိ = ဖြစ်၏။ ဣတိ = ဤသို့၊ အဋ္ဌကထာစရိယော = အဋ္ဌကထာဆရာသည်၊ သံဝဏ္ဏေတိ = ကောင်းစွာမသေ့ ဖွင့်ပြတော်မူခဲ့ပါပေ သတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

အကြောင်းနဲ့အကျိုးကိုသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ် သို့ ရောက်သွားတဲ့ယောဂီပုဂ္ဂိုလ်သည် အဲဒီဉာဏ်ကနေ ပြီးတော့ အဟေတုကဒိဋ္ဌိ၊ ဝိသမဟေတုဒိဋ္ဌိတို့ကို ပယ် လိုက်ပြီ။

အဟေတုကဒိဋ္ဌိဆိုတာ အခုပြောခဲ့ပြီးတဲ့အတိုင်း လူတွေ ပုဂ္ဂိုလ်သတ္တဝါတွေ ချမ်းသာကြတယ်၊ ဆင်းရဲ ကြတယ်ဆိုတာ အလိုလိုချမ်းသာတယ်၊ အလိုလို ဆင်းရဲတယ်၊ အကြောင်းမရှိဘူးလို့ ယူဆတဲ့ဒိဋ္ဌိကို ဘာ ဒိဋ္ဌိလဲ ... အဟေတုကဒိဋ္ဌိပါဘုရား။ အဟေတုက ဒိဋ္ဌိဖြစ်တယ်။

www.dhammadownload.com



ပစ္စယပရိဂ္ဂဟဉာဏ်ရောက်သွားတဲ့ ယောဂီပုဂ္ဂိုလ်ကတော့ အကြောင်းကောင်းရင် အကျိုးကောင်းတယ်၊ အကြောင်းဆိုးရင် အကျိုးဆိုးတယ်လို့ ကိုယ်တိုင်မသိပါဘူးလား ... ကိုယ်တိုင်သိပါတယ်ဘုရား။

အကြောင်းဖြစ်တဲ့ ကိုယ့်စိတ်က စိတ်ကောင်းစိတ်မြတ်တွေ ဖြစ်နေတဲ့အခိုက်အတန့်၊ အကျိုးဖြစ်တဲ့ ကိုယ်အမူအရာ နှုတ်အမူအရာတွေက ကောင်းတဲ့ ကိုယ်အမူအရာ နှုတ်အမူအရာတွေဖြစ်လို့ ကောင်းကျိုးတွေခံစားရတာ။

အကြောင်းဖြစ်တဲ့ ကိုယ့်စိတ်က စိတ်ဆိုးစိတ်ညံ့ကြီးတွေ ဖြစ်နေတဲ့အခိုက်အတန့်၊ အကျိုးဖြစ်တဲ့ ကိုယ်အမူအရာ နှုတ်အမူအရာတွေက မကောင်းတဲ့ ကိုယ်အမူအရာ နှုတ်အမူအရာတွေဖြစ်လို့ မကောင်းတဲ့ အပြစ်ဒဏ်တွေ မကောင်းကျိုးတွေ ခံစားရတာ ကိုယ်တိုင် မသိရပါဘူးလား ... ကိုယ်တိုင်သိရပါတယ်ဘုရား။

www.dhammadownload.com



ဒီတော့ အကြောင်းမရှိဘဲနဲ့ အလိုလိုချမ်းသာတယ်၊ အလိုလိုဆင်းရဲတယ်လို့ ယူဆတဲ့ဝါဒနဲ့ ဘယ်လောက်ပဲ အဟောကောင်းကောင်း၊ ဘယ်လောက်ပဲ အပြောကောင်းကောင်း တုန်လှုပ်ပါတော့မလား ... မတုန်လှုပ်တော့ပါဘုရား။ မတုန်လှုပ်တော့ပေဘူး။ မြတ်စွာဘုရားသာသနာတော်မှာ ထောက်ရာတည်ရာ ရသွားပြီ။ အဲဒီပစ္စယပရိဂ္ဂဟဉာဏ်က အဟေတုကဒိဋ္ဌိကို ပယ်တာ ထင်ရှားပါရဲ့လား ... ထင်ရှားပါတယ်ဘုရား။

ဝိသမဟေတုဒိဋ္ဌိကိုလည်း ပယ်တယ်။ ဝိသမဟေတုဒိဋ္ဌိဆိုတာ အခုပြောခဲ့ပြီးတဲ့အတိုင်း ဖန်ဆင်းဝါဒဖြစ်တယ်။ လူတွေ ပုဂ္ဂိုလ်သတ္တဝါတွေကို ဗြဟ္မာ၊ ဗိဿနိုး၊ ကောင်းကင်ဘုံဘုရားစတဲ့ ဒီလိုပုဂ္ဂိုလ်တွေက တန်ခိုးရှင်တွေက ဖန်ဆင်းထားတာတဲ့။ ဖန်ဆင်းတာက အကြောင်း။ လူတွေ ပုဂ္ဂိုလ်သတ္တဝါတွေ လာဖြစ်တာက ... အကျိုးတရားပါဘုရား။

www.dhammadownload.com



ဖန်ဆင်းတာက အကုန်လုံးကောင်းအောင်၊ အကုန်လုံးချမ်းသာအောင်၊ အကုန်လုံးကြွယ်ဝအောင်၊ အကုန်လုံးလှပတင့်တယ်အောင် ဖန်ဆင်းလိုက်တာပါပဲ။ မေတ္တာကရုဏာရှင်တွေဆိုတော့ ကောင်းအောင်ချည်းပဲ မဖန်ဆင်းလိုက်ပါဘူးလား ... ဖန်ဆင်းလိုက်ပါတယ် ဘုရား။

လူတွေ ပုဂ္ဂိုလ်သတ္တဝါတွေ လာဖြစ်တော့ အကုန်လုံး အကောင်းချည်းပဲ၊ အကုန်လုံး ချမ်းသာတယ်၊ အကုန်လုံး ကြွယ်ဝတယ်၊ အကုန်လုံး လှပတင့်တယ် တယ်၊ အကုန်လုံး စိတ်ကောင်းစိတ်မြတ်တွေရှိတယ်လို့ အကုန်လုံး ညီမျှပါရဲ့လား ... မညီမျှပါဘုရား။

တချို့က သိပ်ပြီးတော့ပြည့်စုံတယ်။ ရုပ်ရည် အဆင်းလည်းပြည့်စုံ၊ ပစ္စည်းပစ္စယလည်းပြည့်စုံ၊ စိတ်နေ စိတ်ထားလည်းပြည့်စုံ၊ ဒီလိုပုဂ္ဂိုလ်တွေလည်း မရှိတတ် ပါဘူးလား ... ရှိတတ်ပါတယ်ဘုရား။

www.dhammadownload.com



တချို့တချို့ပုဂ္ဂိုလ်ကလည်း အသင့်အတင့်ပဲ ပြည့်စုံတယ်။ ရုပ်ရည်အဆင်းကလည်း အသင့်အတင့်ပဲ ပြည့်စုံတယ်၊ စီးပွားဥစ္စာရတနာတွေကလည်း အသင့် အတင့်ပဲ ပြည့်စုံတယ်၊ စိတ်နေစိတ်ထားကလည်း အသင့်အတင့်ပဲ ပြည့်စုံတယ်၊ ဒီလိုပုဂ္ဂိုလ်တွေလည်း မရှိတတ်ပါဘူးလား ... ရှိတတ်ပါတယ်ဘုရား။

တချို့တချို့ ပုဂ္ဂိုလ်တွေကျတော့ မပြည့်စုံရှာဘူး။ ပစ္စည်းပစ္စယကလည်း မပြည့်စုံရှာဘူး၊ ရုပ်ရည်အဆင်း ကလည်း မတင့်တယ်ရှာဘူး၊ စိတ်နေစိတ်ထားကလည်း မမြင့်မြတ်ရှာဘူး၊ ဒီလိုပုဂ္ဂိုလ်တွေလည်း မရှိတတ်ပါ ဘူးလား ... ရှိတတ်ပါတယ်ဘုရား။

အကြမ်းဖျင်းအားဖြင့် ၃-မျိုး ကွဲပြားနေတယ်။ အနုစိတ်အားဖြင့် တစ်ဦးနဲ့တစ်ဦး တူကိုမတူဘူး။ သူတို့ ကတော့ တူအောင်ဖန်ဆင်းလိုက်တယ်။ အကြောင်းက တော့ တူအောင်ဖန်ဆင်းလိုက်တယ်၊ အကျိုးကျတော့ မတူတော့ အကြောင်းနဲ့အကျိုး တူပါရဲ့လား ... မတူပါ

www.dhammadownload.com



ဘုရား။ မတွေ့တာကို ပါဠိလို ဘယ့်နှယ်ခေါ်ပါသလဲ ... ဝိသမပါဘုရား။ ဝိသမဟေတုဒိဋ္ဌိဖြစ်တယ်လို့ တရားနာ ပရိသတ်များ သဘောပေါက်ပါရဲ့လား ... သဘော ပေါက်ပါတယ်ဘုရား။

အဲဒီဝိသမဟေတုဒိဋ္ဌိကို ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ပယ်တယ်။ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်လာတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ပယ်နိုင်သွားပြီ။ ဘယ်လောက်ပဲ အဟောကောင်းကောင်း၊ အပြောကောင်းကောင်း မယုံ တော့ပေဘူး။ အကြောင်းကောင်းရင် အကျိုးကောင်း တယ်။ အကြောင်းဆိုးရင် အကျိုးဆိုးတယ်။ ဘယ်သူမှ ဖန်ဆင်းထားတာ မဟုတ်ဘူးဟု မသိနေပါဘူးလား ... သိနေပါတယ်ဘုရား။

အတိတ်အတိတ်ဘဝတွေက အကြောင်းကုသိုလ် ကံတွေများခဲ့တဲ့ ပုဂ္ဂိုလ်တွေက ဒီဘဝမှာ အဖက်ဖက် က ပြည့်စုံနေတာပါပဲ။

www.dhammadownload.com



အတိတ်အတိတ်ဘဝတွေက အကြောင်းကုသိုလ်ကံ အသင့်အတင့် ပြည့်စုံခဲ့တဲ့ ပုဂ္ဂိုလ်တွေက ဒီဘဝမှာ အသင့်အတင့် ပြည့်စုံနေတာပါပဲ။

အတိတ်ဘဝတွေက အကြောင်းကုသိုလ်ကံ နည်းခဲ့တဲ့ ပုဂ္ဂိုလ်တွေက ဒီဘဝမှာ မပြည့်မစုံ ဖြစ်နေရတာပါပဲ။

ပစ္စယပရိဂ္ဂဟာဉာဏ်ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ မသိနိုင်ပါဘူးလား ... သိနိုင်ပါတယ်ဘုရား။ သိနိုင်တယ်။ ဘယ်လောက်ပဲ အဟောကောင်းကောင်း၊ ဘယ်လောက်ပဲ အပြောကောင်းကောင်း ဖန်ဆင်းတယ် ဆိုတာ ယုံမှယုံပါတော့မလား ... မယုံတော့ပါဘုရား။

ကြမ္မိနာ ပန ဉာဏေန သမ္ပန္နာဂတော ဝိပဿကော၊ ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော၊ နိယတဂတိကော စူဠသောတာပန္နောနာမ ဟောတိ။

www.dhammadownload.com



ဣဓ္မိနာ ပန ဉာဏေန = ဤသို့ အကြောင်းအကျိုးကိုသိသော ပစ္စယပရိဂ္ဂဟဉာဏ်နှင့်၊ သမန္နာဂတော = ပြည့်စုံသော၊ ဝိပဿကော = ဝိပဿနာတရားအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်၊ ဗုဒ္ဓသာသနေ = မြတ်စွာဘုရား၏ သာသနာတော်မြတ်၌၊ လဒ္ဓဿာသော = ရအပ်သော သက်သာရာရှိသည်ဖြစ်၍၊ လဒ္ဓပတိဋ္ဌော = ရအပ်သော ထောက်ရာတည်ရာရှိသည်ဖြစ်၍၊ နိယတဂတိကော = ကောင်းမြတ်သောသုဂတိဘဝမြဲသော၊ စူဠသောတာပန္နောနာမ= အငယ်စားသောတာပန်မည်သည်၊ ဟောတိ = ဖြစ်၏။ ဣတိ = ဤသို့၊ အဋ္ဌကထာစရိယော = အဋ္ဌကထာဆရာသည်၊ သံဝဏ္ဏေတိ = ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သွားတဲ့ ယောဂီပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားသာသနာတော်မှာ ထောက်ရာ တည်ရာ ရသွားပြီ။ ဘယ်လိုဝါဒမျိုးနဲ့ ဟောဟော

www.dhammadownload.com



ပြောပြော မတုန်လှုပ်တော့ပါဘူး။ သက်သာရာ ရသွားပြီတဲ့။

နိယတာဂတိကော = ကောင်းမြတ်သော သုဂတိဘဝမြဲသော။ လူ့ပြည်၊ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာပြည်ဆိုတဲ့ သုဂတိဘဝလည်း မြဲသွားပါပြီတဲ့။ သုဂတိဘဝ မြဲသွားပြီဆိုတော့ ဒုဂ္ဂတိဘဝ မရောက်နိုင်တော့ဘူးဆိုတဲ့ အဓိပ္ပါယ်ကလည်း မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ထင်ရှားတယ်။

ဝုဋ္ဌသောတာပန္နောနာမ = အငယ်စားသောတာပန်မည်သည်၊ ဟောတိ = ဖြစ်၏။ ဝုဋ္ဌသောတာပန်ဖြစ်သွားပြီ။ အကြောင်းကောင်းရင် အကျိုးကောင်းတယ်၊ အကြောင်းဆိုးရင် အကျိုးဆိုးတယ်လို့သိတာ အမှန်ကို သိနေတာဖြစ်တော့ ဝုဋ္ဌသောတာပန် မဖြစ်ပါဘူးလား ... ဝုဋ္ဌသောတာပန် ဖြစ်ပါတယ်ဘုရား။

ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သွားတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ကိုယ့်စိတ်ကိုကိုယ် ပြန်ပြန်သိနေတယ်။

www.dhammadownload.com



စိတ်က အကြောင်းဖြစ်တယ်။ ကိုယ်အမူအရာ နှုတ်အမူအရာတွေက ... အကျိုးတရားပါဘုရား။

အကြောင်းစိတ်ကို ပြန်ပြန်သိနေတတ်တယ်။ ဒီစိတ်ကတော့ စိတ်ကောင်းစိတ်မြတ်ပဲဆိုလို့ရှိရင် ဆက်လက်ပြီးတော့ တည်ရှိအောင် မွေးမြူထားတယ်။ ဒီစိတ်ကတော့ စိတ်ဆိုးစိတ်ညံ့ပဲလို့ သိတာနဲ့ တစ်ပြိုင်နက်တည်း မပယ်လိုက်ပါဘူးလား ... ပယ်လိုက်ပါတယ်ဘုရား။ ပယ်လိုက်တော့ ကုသိုလ်တွေကများ၊ အကုသိုလ်တွေက ... နည်းသွားပါမယ်ဘုရား။

ကုသိုလ်ကများ၊ အကုသိုလ်ကနည်းတဲ့ ပုဂ္ဂိုလ်တွေ ဒုတိယဘဝမှာ အပါယ်ငရဲမကျနိုင်ဘူး။ စူဠသောတာပန်ပဲလို့ အဋ္ဌကထာဆရာတွေ ဆုံးဖြတ်တာ တရားနာပရိသတ်များ သဘောကျပါရဲ့လား ... သဘောကျပါတယ်ဘုရား။ အို-သဘောကျစရာကြီး။

အပါယ်ငရဲကျတယ်ဆိုတာ အကုသိုလ်ကများ၊ ကုသိုလ်က ... နည်းလို့ပါဘုရား။ နည်းလို့ကျတာ

www.dhammadownload.com



ဖြစ်တယ်။ အလွန်ပဲ သဘာဝကျပါတယ်။ အဲဒီ အဟောတုကဒိဋ္ဌိ၊ ဝိသမဟောတုဒိဋ္ဌိတွေကိုတော့ ပစ္စယ ပရိဂ္ဂဟာဉာဏ်ဖြင့် ပယ်လိုက်တယ်။ နေရာမကျပါဘူး လား ... နေရာကျပါတယ်ဘုရား။

ဆက်လက်ပြီးတော့ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ်ဟု ရှုမှတ်လိုက်လျှင် ၃-နံပါတ် ဖြစ်သည့် သမ္မသနဉာဏ်သို့ ရောက်သွားတဲ့အခါကျ တော့ အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲလို့ သုံးသပ်ပြီးတော့ သိတယ်။ အဲဒီဉာဏ်က လွန်မြောက်သွားတဲ့အခါ ဥဒယဗ္ဗယဉာဏ်သို့ ရောက်သွားတယ်။

ဥဒယဗ္ဗယဉာဏ်အနုပိုင်းမှာတော့ ဖြစ်တာ ပျက် တာတွေက သိပ်တော့ မထင်ရှားသေးဘူး။ ဥဒယဗ္ဗယ ဉာဏ်ဆိုတာ ဥဒယက ဖြစ်၊ ဝယက ... ပျက်ပါဘုရား။ ဥဒယဗ္ဗယဉာဏ်သို့ ရောက်သွားခါစ ဥဒယဗ္ဗယဉာဏ် အနုပိုင်းမှာ ဖြစ်တာ ပျက်တာတွေက သိပ်မထင်ရှား သေးဘူး။ ချမ်းသာတာတွေပဲထင်ရှားတယ်။

www.dhammadownload.com



ကာယလဟုတာ စိတ္တလဟုတာ = ကိုယ်က လည်းပေါ့ပါး၊ စိတ်ကလည်းပေါ့ပါး။ သမ္မသနဉာဏ် (၃-နံပါတ်ဉာဏ်)မှာတော့ လေးလံထိုင်းမှိုင်းနေတယ်။ ယိမ်းယိုင်နေရတာ ပင်ပန်းနေလိုက်တာဘုရားတဲ့။

ဥဒယဗ္ဗယဉာဏ်ရောက်သွားတော့ ယိမ်းယိုင်မှုတွေတော့ရှိတယ်။ ချမ်းသာလိုက်တာဘုရားတဲ့။ ယိမ်းလို့ကောင်းနေတဲ့ယောဂီကို မေးလိုက်တဲ့အခါ -

တစ်နေ့လာလည်း -
"ယိမ်းသေးလားယောဂီ"
"ယိမ်းနေပါသေးတယ်ဘုရား"
"မှတ်လို့ကောင်းရဲ့လား"
"ကောင်းပါတယ်ဘုရား"

နောက်တစ်နေ့လာရင်လည်း -
"ယိမ်းနေသေးလား"
"ယိမ်းနေသေးတယ်ဘုရား"

www.dhammadownload.com



"မှတ်လို့ကောင်းရဲ့လား"
"ကောင်းပါတယ်ဘုရား"

အင်း-ယောဂီ၊ ယိမ်းတဲ့ဘက်ကို စိတ်နည်းနည်းမှ မညွှတ်ပေးနဲ့၊ တရားတွေ ကြာသွားလိမ့်မယ်၊ မပြော ပေးရပါဘူးလား ... ပြောပေးရပါတယ်ဘုရား။ ပြောပေး ရတယ်။ မယိမ်းစေဘူးဟု ဆောက်တည်ထားရတယ်။ ယိမ်းလာရင်လည်း တစ်ယိမ်းနဲ့တစ်ယိမ်း မစပ်အောင်၊ ပြတ်အောင်မှတ်ပါ၊ မပြောပေးရပါဘူးလား ... ပြောပေး ရပါတယ်ဘုရား။ ပြတ်ပြတ်သွားအောင် မှတ်ရမယ်။ တစ်ယိမ်းပြီးမှတစ်ယိမ်း၊ တစ်ယိမ်းပြီးမှတစ်ယိမ်း ပြတ် ပြတ်သွားအောင် မှတ်ပေးရမယ် စသည်ဖြင့် ပြောပြ ပေးရပါတယ်။

ဆက်ကာဆက်ကာရှုမှတ်လို့ သမာဓိဉာဏ် တစ် ဆင့်ရင့်ကျက် အားရှိထက်သန်လာတဲ့အခါ ဥဒယဗ္ဗ ယဉာဏ်အရင့်ပိုင်းသို့ ရောက်လာတယ်။ အရင့်ပိုင်း သို့ ရောက်လာတဲ့အခါ ဖောင်းတယ်လို့မှတ်လိုက်ရင်

www.dhammadownload.com



ဖောင်းစနဲ့ဖောင်းဆုံး ပိုထင်ရှားလာတယ်။ ပိန်တယ်လို့ မှတ်လိုက်ရင် ပိန်စနဲ့ပိန်ဆုံး ပိုထင်ရှားလာတယ်။ ဖောင်းစက ဖြစ်၊ ဖောင်းဆုံးကျတော့ ... ပျက်ပါဘုရား။ ပိန်စက ဖြစ်၊ ပိန်ဆုံးကျတော့ ... ပျက်ပါဘုရား။ ပျက်သွားတယ်။ ဖြစ်ပျက်ကိုမြင်သွားတာ ဘာဉာဏ်ပါလဲ ... ဥဒယဗ္ဗယဉာဏ်ပါဘုရား။ ဥဒယက ဖြစ်၊ ဝယက ... ပျက်ပါဘုရား။ အဖြစ်နှင့်အပျက်ကို မြင်သွားတယ်။

နောက်တော့ သမာဓိဉာဏ် တစ်ဆင့်ရင့်ကျက်အားရှိထက်သန်လာတဲ့အခါ ဖောင်းတယ်လို့မှတ်လိုက်ရင် ဖောင်းတဲ့အထဲမှာပဲ အဆင့်ဆင့် အဆင့်ဆင့်တွေ ဖြစ်ပြီးတော့ပျက်သွားတာ၊ ပိန်တယ်လို့မှတ်လိုက်ရင် ပိန်တဲ့အထဲမှာပဲ အဆင့်ဆင့် အဆင့်ဆင့်တွေ ဖြစ်ပြီးတော့ ပျက်သွားတာကို ယောဂီဟောင်းများ ကိုယ်တိုင်ပဲ တွေ့မြင်ကြရတယ်။

အဲဒီ ဥဒယဗ္ဗယဉာဏ်ကို ရောက်သွားတဲ့အခါ "ဥဒယဒဿနေန ဥစ္ဆေဒဒိဋ္ဌိယာ ပဟာနံ" ဟု ဆိုသည့်အတိုင်း ဥဒယ-ဖြစ်တာကိုမြင်တော့ ပြတ်တယ်လို့

www.dhammadownload.com



ယူဆတဲ့ ဥစ္ဆေဒဒိဋ္ဌိ ပယ်ပြီးသား မဖြစ်သွားပါဘူးလား ... ပယ်ပြီးသား ဖြစ်သွားပါတယ်ဘုရား။

ဩော် - ဖြစ်နေတာပဲ ဖြစ်နေတာပဲ၊ ပြတ်နေတယ်ဆိုတာ ဘယ်မှာဟုတ်လို့လဲ၊ မပြတ်ဘူးဆိုတာ သူ့ကိုယ်တိုင် မသိသွားပါဘူးလား ... သိသွားပါတယ်ဘုရား။ အဖြစ်ကိုမြင်တော့ ဥစ္ဆေဒဒိဋ္ဌိကို ... ပယ်လိုက်ပါတယ်ဘုရား။

ဥဒယဒဿနေန = အဖြစ်ကိုမြင်သဖြင့်၊ ဥစ္ဆေဒဒိဋ္ဌိယာ = ဥစ္ဆေဒဒိဋ္ဌိကို၊ ပဟာနံ = ပယ်ခြင်းသည်၊ ဟောတိ = ဖြစ်၏။ ဣတိ = ဤသို့၊ အဋ္ဌကထာ စရိယော = အဋ္ဌကထာဆရာသည်၊ သံဝဏ္ဏေတိ = ကောင်းစွာမသေွ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဥဒယဗ္ဗယဉာဏ်မှာ ဥဒယ = အဖြစ်ကိုမြင်တာနဲ့ ဥစ္ဆေဒဒိဋ္ဌိကို ပယ်လိုက်ပြီ။ နေရာမကျပါဘူးလား ...

www.dhammadownload.com



နေရာကျပါတယ်ဘုရား။ ဥစ္စာဒိဋ္ဌိကလည်း ကြောက်စရာကြီး။ လူဆိုတာ တစ်ဘဝပဲတဲ့။ နောက်ဘဝ မရှိဘူးတဲ့။ တစ်ဘဝနဲ့ပြတ်တယ်တဲ့။ မြတ်စွာဘုရားလက်ထက်တော်အခါကလည်း အများအပြားပဲရှိခဲ့တယ်။ ယခု အချိန်အခါမှာလည်း ရှိနေသေးတာပဲတဲ့။

သိပ်တိုးတက်နေတဲ့ တိုင်းပြည်ကြီးတွေမှာ အချို့အချို့သောပုဂ္ဂိုလ်တွေက လူဆိုတာတစ်ဘဝပဲ။ နောက်ဘဝမရှိဘူးတဲ့။ ဒီဘဝကောင်းစားရေးကိုတော့ အစွမ်းကုန် ကြိုးစားရမယ်။

ကောင်းတာလည်း ပြုလုပ်နိုင်ရမယ်။ မကောင်းတာလည်း ပြုလုပ်နိုင်ရမယ်ဆိုပြီးတော့ ပြုလုပ်နိုင်ကြတဲ့အတွက်ကြောင့် ဒီဘဝတော့ မချမ်းသာနေပါဘူးလား ... ချမ်းသာနေပါတယ်ဘုရား။ ထိုပုဂ္ဂိုလ်တွေ နောင်ဘဝအတွက်တော့ ... မချမ်းသာတော့ပါဘုရား။ တော်တော်ဒုက္ခများမယ်။

www.dhammadownload.com



နိဗ္ဗာန်ဆိုတာလည်း မရှိဘူးတဲ့၊ တစ်ဘဝနဲ့ ပြတ်တယ်တဲ့။ နောင်ဘဝတွေမရှိဘူးဆိုတော့ နောင်ဘဝတွေအတွက် ကောင်းမှုကုသိုလ်လည်း မပြုတော့ဘူး။ နိဗ္ဗာန်မရှိဘူးဆိုတော့ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်တွေလည်း မကျင့်တော့ဘူး။

ကောင်းမှုကုသိုလ်လည်း မပြုဘူး။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်တွေလည်း မကျင့်ဘူးဆိုတော့ ထိုပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ ကုသိုလ်ဖြစ်တာများမလား၊ အကုသိုလ်ဖြစ်တာပဲ များမလား ... အကုသိုလ်ဖြစ်တာ များနေပါမယ်ဘုရား။ အကုသိုလ်ဖြစ်တာများနေမယ်။ တရားနာပရိသတ်များ ဒီလို ဥစ္ဆေဒဒိဋ္ဌိအယူလည်း ရှိသလား၊ မရှိဘူးလား ... မရှိပါဘုရား။ မရှိပေဘူး။ လက်တွေ့တော့ ဥဒယဗ္ဗယဉာဏ်သို့ ရောက်သွားရင် ဥဒယကိုမြင်တာနဲ့ ဥစ္ဆေဒဒိဋ္ဌိကို ပယ်ခြင်းကိစ္စပြီးသွားတယ်လို့ အဋ္ဌကထာဆရာတွေ ဖွင့်ပြတာ အလွန်ပဲ သဘာဝကျပါတယ်။

www.dhammadownload.com



သဿတဒိဋ္ဌိဆိုတာ အခုပြောခဲ့ပြီးတဲ့အတိုင်း ပုဂ္ဂိုလ်သတ္တဝါတွေ မြဲတယ်လို့ ယူဆတာဖြစ်တယ်။ ပုဂ္ဂိုလ်တစ်ယောက် ကွယ်လွန်သွားရင် ရုပ်ခန္ဓာကိုယ်ကြီးကသာ ဒီဘဝမှာ ကျန်နေခဲ့တယ်၊ နာမ်လေးကတော့ နောင်ဘဝ နောင်ဘဝကို ပြောင်းသွားတယ်။

အတ္တကောင်လေး၊ နာမ်လေးကတော့ နောင်ဘဝတွေကို ပြောင်းပြောင်းသွားတယ်။ ငှက်ကလေးတွေဟာ သစ်ပင် တစ်ပင်မှတစ်ပင်သို့ ပြောင်းပြောင်းသွားသလို ရုပ်ကိုယ်ကြီးတွေကသာ ဒီဘဝ ဒီဘဝတွေမှာ ကျန်နေခဲ့တယ်။ နာမ်လေးကတော့ အတ္တကောင်လေးကတော့ နောင်နောင်ဘဝတွေ ပြောင်းပြောင်းသွားတယ်လို့ ဒီလို ယူဆတဲ့ အယူဝါဒဟာ ဘာအယူဝါဒလဲ ... သဿတဒိဋ္ဌိ အယူဝါဒပါဘုရား။ သတ္တဝါမြဲတယ်လို့ယူဆတာ သဿတဒိဋ္ဌိ အယူဝါဒဖြစ်တယ်။

အဲဒီ သဿတဒိဋ္ဌိကိုတော့ ဝယဒဿနေန = အပျက်ကိုမြင်ခြင်းဖြင့်၊ သဿတဒိဋ္ဌိယာ = သဿတ

www.dhammadownload.com



ဒိဋ္ဌိကို၊ ပဟာနံ = ပယ်ခြင်းသည်၊ ဟောတိ = ဖြစ်၏။ ဣတိ = ဤသို့၊ အဋ္ဌကထာစရိယော = အဋ္ဌကထာဆရာသည်၊ သံဝဏ္ဏေတိ = ကောင်းစွာမသေ့ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဖြစ်ပြီးတာနဲ့ပျက်သွား၊ ဖြစ်ပြီးတာနဲ့ပျက်သွား။ အပျက်တွေကိုမြင်နေတော့ မြဲတယ်လို့ယူတဲ့ အယူဝါဒ ပယ်ပြီးသား မဖြစ်သွားပါဘူးလား ... ပယ်ပြီးသား ဖြစ်သွားပါတယ်ဘုရား။

ပျက်ပျက်သွားတာပဲ။ ဘယ်မှာမြဲနိုင်မလဲ၊ မမြဲနိုင်ဘူး။ ခဏချက်ချင်းပဲ မမြဲတာကိုထောက်ဆ၍ နောင်ဘဝတွေလည်း ဘယ်မြဲနိုင်မလဲဆိုတာ မသိသွားပါဘူးလား ... သိသွားပါတယ်ဘုရား။ သိသွားပေတယ်။

ဝယဒဿနေန = အပျက်ကိုမြင်ခြင်းဖြင့်၊ အပျက်ကိုမြင်သောဉာဏ်ဖြင့်၊ သဿတဒိဋ္ဌိယာ = သဿတ

www.dhammadownload.com



ဒိဋ္ဌိကို၊ ပဟာနံ = ပယ်ခြင်းသည်၊ ဟောတိ = ဖြစ်၏။ ဣတိ = ဤသို့၊ အဋ္ဌကထာစရိယော = အဋ္ဌကထာဆရာသည်၊ သံဝဏ္ဏေတိ = ကောင်းစွာမသေ့ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

တရားနာပရိသတ်များ ပယ်နိုင်တဲ့အဆင့် ရောက်သွားရင် ပယ်ပစ်တာပါပဲ။ ဝိပဿနာတရား အားထုတ်လို့ ဥဒယဗ္ဗယဉာဏ်သို့ ရောက်သွားတဲ့အခါ သဿတဒိဋ္ဌိကိုလည်းပယ်၊ ဥစ္ဆေဒဒိဋ္ဌိကိုလည်း ... ပယ်ပါတယ်ဘုရား။ ပယ်နိုင်ပေတယ်။ နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။ အို-နေရာကျလိုက်တာ။

မဂ်သမ္မာဒိဋ္ဌိဆိုတာ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့် ရင့်ကျက်ပြီးတော့ မဂ်ဉာဏ်သို့ ရောက်သွားတဲ့ အခါကျတော့ မဂ္ဂသမ္မာဒိဋ္ဌိဖြစ်တယ်။

www.dhammadownload.com



မဂ္ဂသမ္မာဒိဋ္ဌိ = မဂ်သမ္မာဒိဋ္ဌိသည်၊ ဝဋ္ဋံ = ဝဋ်ကို၊ ဝိဒ္ဓံသေတိ = ဖျက်ဆီး၏။ မဂ်သမ္မာဒိဋ္ဌိက ဝဋ်တွေကို ဖျက်ဆီးတယ်။ တစ်ခါ အဋ္ဌကထာစကားကို ငါ့ကာက ဆက်လက်ပြီးတော့ ဖွင့်ပြတယ်။

ဝဋ္ဋံ ဝိဒ္ဓံသေတီတိ = ဝဋ္ဋံ ဝိဒ္ဓံသေတိဟူသည် ကား၊ မဂ္ဂသမ္မာဒိဋ္ဌိ = မဂ်သမ္မာဒိဋ္ဌိသည်၊ ကိလေသ ဝဋ္ဋံ = ကိလေသဝဋ်ကို၊ ကမ္မဝဋ္ဋံ = ကမ္မဝဋ်ကို၊ ဝိဒ္ဓံသေတိ = ဖျက်ဆီး၏။

မဂ္ဂသမ္မာဒိဋ္ဌိက ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို ဖျက် ဆီးတယ်။ ကိလေသဝဋ်ဆိုတာ အဝိဇ္ဇာရယ်၊ တဏှာ ရယ်၊ ဥပါဒါန်ရယ်ကို ကိလေသဝဋ်လို့ ဆိုရတယ်။

မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ တွေ့ထိ တိုင်း ကောင်းတယ်၊ မြဲတယ်၊ ချမ်းသာတယ်၊ ဒီလို အမှားကို မြင်မြင်သွားတာ အဝိဇ္ဇာ၊ ကောင်းတယ် မြဲတယ်လို့ထင်တော့ တဏှာက လိုက်မစွဲပါဘူးလား ...

www.dhammadownload.com



စွဲပါတယ်ဘုရား။ တဏှာကစွဲတယ်။ တဏှာက စွဲပြီး တော့ ဥပါဒါန်က ကံတွေဖြစ်အောင် မပြုလုပ်ပါဘူးလား … ပြုလုပ်ပါတယ်ဘုရား။ ဒီ ၃-ပါးက ကိလေသဝဋ် ဖြစ်တယ်။ (ဋီ-၁၊ ၂၂၅)

ကိလေသဝဋ်ပြီးတော့ ကမ္မဝဋ်ဆိုတာ စွဲလမ်း တဲ့အတိုင်း သင်္ခါရတွေကိုလည်း ပြုလုပ်ကြတယ်။ သင်္ခါ ရတွေ ပြုလုပ်တော့ ကမ္မဘဝတွေ ဖြစ်လာတယ်။ အဲဒီ သင်္ခါရနဲ့ ကမ္မဘဝကတော့ ကမ္မဝဋ်တဲ့။ အဲဒီ ၂-ပါး ကို မဂ်သမ္မာဒိဋ္ဌိက ဖျက်ဆီးတယ်၊ ပယ်လိုက်တယ်ဆို တဲ့ အဓိပ္ပါယ်ဖြစ်တယ်။

ဖလသမ္မာဒိဋ္ဌိကတော့ ဖလသမ္မာဒိဋ္ဌိသည် ဘဝံ= ဘဝကို၊ ပဋိဗာဟတိ = တားမြစ်၏။ ဖလသမာပတ် ဝင်စားနေ၍ ကံတွေမရှိတော့ ဘဝတွေ မတားမြစ်လိုက် ပါဘူးလား … တားမြစ်လိုက်ပါတယ်ဘုရား။ တားမြစ် ပြီးသား ဖြစ်သွားပါတယ်။ အသင့်အတင့်တော့ ပြည့်စုံ သွားပါပြီ။ သမ္မာဒိဋ္ဌိ ၅-မျိုး ဆောင်ပုဒ်ကလေး ပြန်ဆို ရမယ်။

www.dhammadownload.com



ဆောင်ပုဒ်။ ။ ကမ္မ ဈာန၊ ဝိပဿနာတဖြာ၊
မဂ်ဖိုလ်ပါ၊ ငါးဖြာသမ္မာဒိဋ္ဌိတည်း။

ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဈာနသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ၊ မဂ်သမ္မာဒိဋ္ဌိ၊ ဖိုလ်သမ္မာဒိဋ္ဌိလို့ တရားနာပရိသတ်များသန္တာန်မှာရှိရမယ့် သမ္မာဒိဋ္ဌိ ဘယ်နှမျိုးပါလဲ ... ၅-မျိုးပါဘုရား။ ၅-မျိုးဖြစ်တယ်။ ဘယ်သမ္မာဒိဋ္ဌိအဆင့်ကို ရောက်နေပြီဆိုတာကိုတော့ ကိုယ်တိုင်ပဲ ဆုံးဖြတ်ကြရမည်ဟု မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါတယ်။

အတ္တာနံ အတ္တနာမေဝ ဗျာကရေယျ။

မိမိသည်ပင်လျှင် မိမိရဲ့တရားကို ဆုံးဖြတ်ရမယ်။ ကိုယ့်တရားကို ကိုယ်သိရမယ်လို့ မြတ်စွာဘုရား ဟောကြားခဲ့တဲ့အတိုင်း မိမိရဲ့ သမ္မာဒိဋ္ဌိဟာ ဘယ်အဆင့်ရောက်နေပြီလို့ ကိုယ့်ဟာကိုယ် မသိရပါဘူးလား ... သိရပါမယ်ဘုရား။ အရင်းခံဆောင်ပုဒ်ကြီးတွေ ပြန်ဆိုပြီးတော့ တရားအဆုံးသတ်ကြပါစို့။

www.dhammadownload.com



## ဆောင်ပုဒ်

မိစ္ဆာဒိဋ္ဌိ၊ အယူရှိက၊ မဖြစ်သေးငြား၊
ကုသိုလ်များ၊ ထင်ရှားမဖြစ်လာ။
ဖြစ်ပေါ်ပြီးငြား၊ ကုသိုလ်များ၊
ဆုတ်ယုတ်သွားသည်သာ။

သမ္မာဒိဋ္ဌိ၊ အယူရှိက၊ မဖြစ်သေးငြား၊
အကုများ၊ ထင်ရှားမဖြစ်လာ။
ဖြစ်ပေါ်ပြီးငြား၊ အကုများ၊
ဆုတ်ယုတ်သွားသည်သာ။

အကျိုးကိုတား၊ စွဲယူမှား၊
ခေါ်ငြားနတ္ထိက။

အကြောင်းကိုတား၊ စွဲယူမှား၊
ခေါ်ငြားအဟေတုက။

ကံကိုပင်တား၊ စွဲယူမှား၊
ခေါ်ငြားအကိရိယ။

www.dhammadownload.com



**ကမ္မ ဈာန၊ ဝိပဿ်တဖြာ၊ မဂ်ဖိုလ်ပါ၊**
**ငါးဖြာသမ္မာဒိဋ္ဌိတည်း။**

ဤကဲ့သို့ ယနေ့ယခုအခါ၌ မိစ္ဆာဒိဋ္ဌိနှင့်သမ္မာဒိဋ္ဌိ (၂)ဖြာ သိကောင်းစရာ တရားတော်ကို နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူး တရားမြတ်တို့ကို၊ ဒုက္ခခပ်သိမ်းအေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

ဆရာတော်ဘုရား ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏
အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

**သဒ္ဓမ္မရံသီရိပ်သာဆရာတော်**